the CBCM Herald

ဇန်နဝါရီလ ၂၀၂၀ ခုနှစ် | မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည် | အတွဲ (၅) အမှတ် (၁)

မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်များ အဖွဲ့ချုပ် သတင်းဂျာနယ်

ဘုရားသခင်ကို မည်သူမျှ မမြင်ဖူးသော်လည်း ခမည်း တော်၏ ရင်ခွင်တော်၌ ရှိတော်မူသော တစ်ပါးတည်းသော သားတော်သည် ကိုယ်တော်ကို ထင်ရှား စေတော်မူ၏။

ယောဟန် ၁:၁၈

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ၂၀၁၉ ခုနှစ်အား ပြန်လည် ကြည့်ရှုခြင်း

စာ - ၄

အမှောင်အတွင်း လျှောက်လှမ်းသောသူတို့သည် ရောမ အလင်းကြီးကို မြင်ကြရလေပြီ (ဟေရှာယ ၉:၁)

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ၂၀၁၉ ခုနှစ်ခရစ္စမတ်နေ့သတင်းစကား

စာ - ၄

ရဟန်းအမတ် ကာဒိနယ် ချားလ်စ်ဘို တည်ခင်းသော ခရစ္စမတ်ရက်မြတ် စုဝေါင်းဆုတောင်းခြင်း နှင့် မိတ်ဆုံစားပွဲသို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြွရောက် ချီးမြှင့်

စာ - ၈

ရန်ကုန်မြို့, ပြည်လမ်းရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် ရုံးစိုက်ရာ ကျောင်းတိုက်ကို ၂၀၂၀ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့က သစ်လွင်စွာတွေ့ရသည်

အယ်ဒီတာ့ အာဘော်

ငြိမ်းချမ်းရေးသည် မျှော်လင့်ခြင်း၏ခရီး

ငြိမ်းချမ်းခြင်းသည် ကြီးမြတ်ပြီး တန်ဘိုကြီးသောအရာဖြစ်သည်၊ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းဖြစ်သကဲ့သို့ လူသားထုတစ်ရပ်လုံး၏ တမ်းတခြင်းလည်း ဖြစ်သည်။ ငြိမ်းချမ်းရေးသည် ဖြစ်နိုင်ပါ့ဦးမလားဆိုသည့် သံသယသောကသည် လူသားများအလယ်တွင် နေရာယူလာနေပေလိမ့်မည်။ မျှော်လင့်ခြင်းဆိုသည့် အရာသည် အခက်အခဲများရှိနေသော်ငြား ဖြစ်လာလိမ့်မည်ဟူသော လူ့သဘောထား ဖြစ်သည်။ ထို့ကြောင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ၂၀၂၀ ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့အတွက် သဝဏ်လွှာတွင် ငြိမ်းချမ်းရေးကို မျှော်လင့်ခြင်း၏ ခရီးအဖြစ် မီးမောင်းထိုးပြထားသည်။

လူ့သမိုင်းတလျှောက်တွင် စစ်ပွဲများစွာ၊ ပဋိပက္ခများစွာကြောင့် ဒဏ်ရာများစွာ ရခဲ့ကြပြီး ဖြစ်သည်။ မျက်မှောက် ခေတ်အချိန်အခါတွင်လည်း အတောမသတ်နိုင်သော အကြမ်းဖက်မှုများ၊ မုန်းတီးခြင်းများကို ဖန်တီးနေသည့် အလွဲသုံးစားပြုခြင်းများ အကျင့်ပျက်ချစားခြင်း ကွင်းဆက်များကို ဖြတ်တောက်ဖို့ ခက်ခဲနေဆဲပင်ဖြစ်သည်။ လူသားများ အကြားတွင် အပြန်အလှန် ယုံကြည်မှု ကင်းမဲ့ခြင်း၊ အပြန်အလှန် စိုးရိမ်ထိတ်လန့်ခြင်းများကြောင့် အပြိုင်အဆိုင် လက်နက် တပ်ဆင်ခြင်း၊ အားပြိုင်ခြင်းများကြောင့် ကမ္ဘာပေါ်တွင် တည်ငြိမ်မှု မရှိနိုင်ဖြစ်နေရသည်။ ထိတ်လန့်ခြင်းနှင့် မယုံကြည်ခြင်းတို့သည် အကြမ်းဖက် မှုကို မွေးဖွားပေးသလို အကြမ်းဖက်ခြင်းကလည်း ထိတ်လန့်ခြင်းနှင့် မယုံကြည်ခြင်းကို ဖြစ်စေသည်။ ဤသို့ဖြင့် အဆုံးမသတ်နိုင်သော မတည်ငြိမ်မှုဝဲဂယက်တွင် လည်နေရတော့သည်။

ငြိမ်းချမ်းခြင်းဆိုသည်မှာ အောက်မေ့သတိရခြင်း၊ တလုံးတဝတည်းရှိခြင်း နှင့် ညီအစ်ကိုမောင်နှမဖြစ်ခြင်းတို့အပေါ် အခြေခံသော နားထောင်ခြင်းဖြစ်သည်။ အတိတ်တွင် ဖြစ်ခဲ့သောအရာများအား ဘာမှ မဖြစ်သလို ချေမှုန်းပစ်ခြင်းသည် မတရားမှုပင်ဖြစ်သည်။ အတိတ်တွင်ရခဲ့သော ဝေဒနာများကို သတိရပြီး လက်ရှိနှင့် အနာဂတ်မျိုးဆက်တို့ ထိုကဲ့သို့ ဝေဒနာများမှ ကင်းဝေးအောင် လုပ်ဆောင်ကြရမည်။ အတိတ်ကို သင်ခန်းစာယူပြီး နောင်လာနောင်သားများအတွက် ဆောင်ရန်ရှောင်ရန်များ ညွှန်ပြပေးရမည်။

ငြိမ်းချမ်းရေးသည် အပြောသက်သက်ဖြင့် တည်ဆောက်၍မရပါ၊ လက်တွေ့လုပ်ဆောင်မှုများပါသည့် ကတိကဝတ်ရှိသော လုပ်ရပ်များဖြင့်သာ တည်ဆောက်နိုင်မည်။ တဖက်သတ် လွှမ်းမိုးချုပ်ကိုင်ခြင်း၊ အချို့ကို ပယ်ထားခြင်းတို့ဖြင့် တည်ဆောက်မရပါ၊ ငြိမ်းချမ်းရေးသည် အစဉ်တစိုက် အတူလက်တွဲကာ အများအကျိုးအတွက် သယ်ပိုးခြင်း၊ မှန်ကန်ခြင်း နှင့် ဥပဒေကို လေးစားလိုက်နာခြင်း ဖြစ်သည်။ အပြန်အလှန်နားထောင်ခြင်း သည် အပြန်အလှန်နားလည်ခြင်းနှင့် လေးစားခြင်းကို ဖေါ်ဆောင်ပေးသည်၊ ရန်သူကိုပင် ညီအစ်ကို မောင်နှမကဲ့သို့ မြင်လာနိုင်စွမ်းကိုပင် ဖန်တီးပေးနိုင်သည်။

ငြိမ်းချမ်းရေးကို အတူသွားကြရမည့် ခရီးတစ်ခုအဖြစ် မြင်စေသောအခါ ရှုတ်ထွေးမှုများစွာ ရင်ဆိုင်ရမည်ကို သိမှတ်ရပါမည်။ လူတစ်ဖွဲ့နှင့်တစ်ဖွဲ့ တစ်နိုင်ငံနှင့်တနိုင်ငံ အကြားအပြန်အလှန် ပေးထားသည့် ဒဏ်ရာများက ရှိနှင့်နေပြီး ဖြစ်သည်။ အဦးဆုံး လုပ်ဆောင်ရမည့်အရာမှာ လူတိုင်းအား မိမိတို့၏ နိတိ သြတပ္ပကို နားထောင်စေရမည်၊ မိမိကိုယ်ပိုင် ဆန္ဒနှင့် မဆုတ်မနစ် လုပ်ချင်သောဇွဲကို နိုးထစေရမည်။ နလုံးသားထဲမှ ခိုင်မာသော ဆန္ဒ နှင့် ဇွဲရှိပါမှ ပြန်လည်သင့်မြတ်ရေးအတွက် နည်းလမ်းရှာဖွေနိုင်မည်ဖြစ်ပြီး တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းကို စုစည်းနိုင်မည်ဖြစ်သည်။ ခရစ်တော်သည် ပြန်လည်သင့်မြတ်ရေး ဖေါ်ဆောင်ရန်အတွက် မိမိအသက်ကို စွန့်ခဲ့သည် (ရောမ ၅:၆-၁၁)။ ကျွန်ုပ်တို့သည်လည်း ပြန်လည်သင့်မြတ်ရေးအတွက် ခိုင်မာသော ဇွဲဆန္ဒရှိရမည်။

ထို့ကြောင့် ငြိမ်းချမ်းခြင်းကို ဖေါ်ဆောင်သော လမ်းစဉ်သည် ခိုင်မာသော စိတ်သဘောထားနှင့် လုပ်ဆောင်နိုင်မည်။ ခံစားခဲ့ရသောသူတို့၏ ကလဲ့စားခြေလိုသော စိတ်ထက် ငြိမ်းချမ်းလိုသော ဆန္ဒနှင့်ဖွဲ့ ရှိခြင်းဖြင့် မျှော်လင့်ခြင်းကို ရှင်သန်စေနိုင်သည်။ အထူးသဖြင့် သူတို့၏ အောက်မေ့ခြင်းကို အသိအမှတ်ပြုကာ လူတိုင်းအတွက် တရားမျှတခြင်းနှင့် လူ့အခွင့်အရေးအား လေးစားခြင်းကို အာမခံမှု ပေးနိုင်ဖို့လိုသည်။ အဖွဲ့အစည်းအတွင် မညီမျှမှုများကို ချေဖျက် ကြဖို့လိုသည်။

ငြိမ်းချမ်းရေးသည် ပြန်လည်သင့်မြတ်ရေးနှင့် ညီအစ်ကိုမောင်နှမစိတ်ထား၏ ခရီးစဉ်ဖြစ်သည်။ တပါးသူအား လွှမ်းမိုးချုပ်ကိုင် အနိုင်ယူလိုသော စိတ်ကို ချိုးနှိမ်ကာ လူအားလုံးတို့အား ညီအစ်ကို မောင်နှမကဲ့သို့ ရှုမြင်ရမည်။ အမှားကို အခွင့်လွှတ်တတ်ဖို့လည်း လိုအပ်သည်။ ခွင့်လွှတ်မှုမရှိပါက အပြန်အလှန် ထိုးနှက်တိုက်ခိုက်မှုများဖြင့် အတောမသတ်နိုင်သော စစ်ပွဲများ၊ အဆုံးမရှိသော ရန်ပွဲမျှားကို ဆင်နွှဲနေရဦးမည်။ ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်း၌ နေထိုင်တတ်ကြပါလျှင် ငြိမ်းချမ်းခြင်း၏ သားကောင်းသမီးကောင်းများ အဖြစ် နေထိုင်နိုင်စွမ်း ရှိလာကြပါလိမ့်မည်။

၂၀၂၀ ခု ဇန်နဝါရီလ အတွက်

ပုပ်ရဟန်းမင်းကြီး၏ ဆုတောင်းမေတ္တာ ရည်ရွယ်ချက်

ခရစ်ယာန်များ၊ အခြားဘာသာဝင်များနှင့် စိတ်နှလုံးကောင်းရှိသူတို့သည် ငြိမ်းချမ်းခြင်းနှင့်တရားမျှတခြင်းကို မြှင့်တင်ကြပါမည့် အကြောင်း ကျွန်ုပ်တို့ ဆုတောင်းကြပါသည်။

We pray that Christians, followers of other religions, and all people of goodwill may promote peace and justice in the world.

ထုတ်ဝေခွင့်အမှတ်
၀၁၇၂၅

နာယက
ဆရာတော် ဝီတာလွှစ် ကျာခူ

အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ
ဖာသာရ် မာရီယာနီ စိုးနိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ဖာသာရ် ဂျိမ်းဘာရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊ ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် သြဂုတ်စတင်းရှေ

ဒီဇိုင်း၊ ဖွဲ့စည်းပုံ
ဖါသာရ် စိုးနိုင် ၊ ရိုစ်မေရီ

အတိုင်ပင်ခံများ
CBCM အထွေထွေအတွင်းရေးမှူး၊ ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊ ကက်သလစ်ရှေ့နေများအဖွဲ့။

ဖြန့်ချီရေးတာဝန်ခံများ
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ လူထုဆက်သွယ်ရေးတာဝန်ခံများ

ပုံနှိပ်တိုက်
စိန်ဇေဒီးယားပုံနှိပ်တိုက် (၀၀၂၆၂) အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။

ငွေလွှဲရန်
ရိုးမဘာဏ်နှင့် ကမ္ဘာဇဘာဏ် မြေနီကုန်း၊ ရန်ကုန်။ နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅)

ဆက်သွယ်ရန်
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း ၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

ငြိမ်းချမ်းခြင်းသည် သဘာဝ ပတ်ဝန်းကျင်အား ထိန်းသိမ်းခြင်းဖြစ်သည်။ ကမ္ဘာမြေကြီးအား စိတ်ရှိတိုင်း ဖျက်စီးနေခြင်းသည် ငြိမ်းချမ်းခြင်းကို ဖျက်စီးနေခြင်းလည်း ဖြစ်သည်။ သဘာဝ သယံဇာတများအား တကိုယ်ကောင်းစိတ်ဖြင့် လောဘဇောတိုက်ကာ ဖျက်စီးနေခြင်းသည် နောင်မျိုးဆက်များအပေါ် အကြမ်းဖက်မှုပင်ဖြစ်သည်။ လူသားအချင်းချင်း ရန်လိုမုန်းတီးစိတ်များက ကျွန်ုပ်တို့အားလုံး ပိုင်ဆိုင်သော ကမ္ဘာမြေကိုပင် ဖျက်စီးနေသည်။ ငြိမ်းချမ်းခြင်းကို ဖေါ်ဆောင်ရာတွင် အမိကမ္ဘာမြေကြီး၏ ငိုငြီးသံကိုလည်း နားထောင်တတ်ရန်လိုလာသည်။ သူတပါးအပေါ် အနိုင်ယူလိုစိတ်ဖြင့် သူ့ထက်ငါ အပြိုင်အဆိုင် ခွန်အား တောင့်တင်းလိုစိတ်ဖြင့် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် အာရုံ မရှိတော့ဘဲ ဖျက်စီးနေသော စိတ်ကို ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။

ကျွန်ုပ်တို့သည် ၂၀၂၀ နှစ်သစ်ကို စတင်ခဲ့ကြပြီ။ ငြိမ်းချမ်းရေး ဆိုသည့် စကားလုံးကို ထပ်ခါထပ်ခါ ကြားနေကြရဦးမည်။ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်များစွာလည်း ရှင်သန်နေဆဲဖြစ်သည်။ ငြိမ်းချမ်းရေးအတွက် သူတပါး၏ လုပ်ဆောင်ချက်ကို ထိုင်စောင့်မနေဘဲ မိမိကိုယ်တိုင် မည်သို့ လုပ်ဆောင်နိုင်မည်ကို နည်းလမ်းရှာကာ ပါဝင်ဆောင်ရွက်သွားကြပါစို့ . . . ။

ချစ်လှစွာသော ညီအစ်ကို မောင်နမ အပေါင်းတို့ ပျော်ရွှင်ဘွယ်ရာ ခရစ္စမတ် ဖြစ်ပါစေ ...

အမိအသင်းတော်၏ ဝမ်းတော်ဖြင့် လူအဖြစ် ယူတော်မူသော ဘုရားဖြစ်၏ သားတော်သည် ဤညမှာပင် အသစ်တဖန် ဖွားမြင်ခြင်း ခံခဲ့ရပါပြီ။ သူ၏ အမည်မှာ ယေဇူးဖြစ်ပါတယ်၊ အနက်က "ဘုရားသခင် ကယ်တင်တော်မူသည်" လို့ အဓိပ္ပါယ်ရပါတယ်။ ထာဝရ နှင့် အနန္တ မေတ္တာတော်ရှင် ဘုရားသခင်သည် မိမိသားတော်အား ကမ္ဘာလောကကို အပြစ်စီရန်မဟုတ် ကယ်တင်ရန် စေလွှတ်ခဲ့ပါတယ် (ယောဟန် ၃:၁۷)။ ခမည်းတော်ဟာ သနားခြင်းများစွာဖြင့် မိမိသားတော်ကို ကျွန်ုပ်တို့အား ပေးအပ်ခဲ့ပါတယ်။ သူ့ကို လူသားအားလုံးအား ပေးခဲ့ပါတယ်။ သူ့ကို ထာဝရ အပြီးအပိုင်ပေးခဲ့ပါတယ်။ အေးစက် မဲမှောင်သော ညနက်အချိန်မှာ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေရှာတဲ့အလင်းရောင်လေးလို သားတော်ဟာ မွေးဖွါး ခဲ့ပါတယ်။

ကညာစင်မာရီယာမှ ဖွါးမြင်တဲ့ အဲ့ဒီကလေးငယ်ဟာ လူ့အဖြစ်ခံယူတဲ့ ဘုရား သခင်ရဲ့ နှုတ်ကပါဠိတော် ဖြစ်ပါတယ်။ အာဗရာဟမ်ရဲ့ နှလုံးသားနဲ့ ခြေလှမ်းတွေကို ကတိထားတော်မူရာ မြေဆီ ခေါ်ဆောင်ခဲ့တဲ့ နှုတ်ကပါဠိတော်ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ကတိတော်ဌယုံကြည်တဲ့သူတွေကို မိမိထံ ဆက်လက် ခေါ်ဆောင်လျှက်ရှိပါတယ်။ အစ္စရာအဲလ် လူမျိုးများကို ကျွန်ဘဝမှ လွတ်မြောက်ခြင်းဆီ ခေါ်ဆောင်ခဲ့တဲ့ နှုတ်ကပါဠိတော် ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ ခေတ်အပါအဝင် ခေတ်အဆက်ဆက် ကျွန်ဖြစ်နေကြရတဲ့လူများကို သူတို့ရဲ့ အကျဉ်းထောင်ထဲကနေ ထွက်လာဖို့ ဆက်လက် ခေါ်ဆောင်နေဆဲဖြစ်ပါတယ်။ သူဟာ နေထက်ပင် ပိုပြီး တောက်ပတဲ့ အလင်းတော်ဖြစ်ပါတယ်။ သေးငယ်သော သားတစ်ဦးအဖြစ် မွေးဖွားခြင်းခံသောသူ "ယေဇူးအရှင်လောကရဲ့ အလင်းတော်" ဖြစ်ပါတယ်။

ဒီအကြောင်းကြောင့်ပဲ ပရောဖက်က ကြွေးကြော်ခဲ့တာပါ။ "အမှောင်အတွင်း လျှောက်လှမ်းနေကြသော သူတို့သည် ဧရာမ အလင်းကြီးကို မြင်ကြရပြီ" (ဟေရာယ ၉:၁)။ လူသားများရဲ့ နှလုံးသားမှ မှောင်မိုက်နေပါတယ်၊ ဒါပေမဲ့ ခရစ်တော်ရဲ့ အလင်းက ပိုပြီး ကြီးမားပါတယ်။ လူအချင်းချင်း မိသားစုနဲ့ လူ့အသိုင်းအဝိုင်းများရဲ့ ဆက်ဆံရေးတွေမှာ မှောင်မိုက်နေပါတယ်၊ ဒါပေမဲ့ ခရစ်တော်ရဲ့ အလင်း များစွာသာလွန် အစွမ်းကြီးပါတယ်။ စီးပွါးရေး ပထဝီနိုင်ငံရေးနဲ့ သဘာဝ ပတ်ဝန်းကျင် ပဋိပက္ခများမှာ မှောင်မိုက်လျက် ရှိနေပါတယ်၊ ဒါပေမဲ့ ခရစ်တော်ရဲ့ အလင်းက ပိုပြီး အားကြီးနေပါသေးတယ်။

အရှေ့အလယ်ပိုင်းဒေသနဲ့ ကမ္ဘာနိုင်ငံ အသီးသီးမှာ စစ်ပွဲနဲ့ ပဋိပက္ခတွေကြောင့် ဒုက္ခခံနေကြရတဲ့ ကလေးများစွာတို့ထံ ခရစ်တော်ဟာ သူ့ရဲ့ အလင်းတော်ကို သယ်ဆောင် ထွန်းလင်းပါစေ။ လွန်ခဲ့တဲ့ ဆယ်စုနှစ်က စတင်ခဲ့ပြီး ယခုအချိန်ထိ အဆုံးမသတ်နိုင်သော မုန်းတီးမှုဒဏ်များ ခံစားနေရသည့် ချစ်လှစွာ သော ဆီးရီးယားလူမျိုးတို့ထံ ခရစ်တော်သည် နှစ်သိမ့်မှုကို သယ်ဆောင်ပေးပါစေ။ ယနေ့တွင်ပင် စိတ်ကောင်းနှလုံးကောင်းရှိသူ ယောဂျိုး မိန်းမတို့၏ သြတ္တပ္ပ စိတ်များအား လှုပ်နှိုးတော်မူပါစေ။ ထိုဒေသတွင်းရှိ လူများအားလုံး ငြိမ်းချမ်းလုံခြုံစွာနေထိုင်နိုင်ပြီး စကားလုံးများဖြင့် မဖေါ်ပြနိုင်သော ဝေဒနာများ အဆုံးသတ် စေရေးအတွက် အစိုးရများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့သည် ပိုင်းဝန်းအဖြေရှာနိုင်ရန် အလင်းပေးပါစေ။ လက်ရှိ ရင်ဆိုင်နေရသော အခက် အခဲများအား ကျော်လွှားနိုင်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးနှင့် လွတ်လပ်ခြင်း သတင်း စကားကို လူတိုင်းအတွက် မျှဝေနိုင်သူများ ဖြစ်လာစေရန် လက်ဘန္ဓန် နိုင်ငံသူ နိုင်ငံသားများအား ခရစ်တော်သည် ခိုင်မာစေ လျက် ခွန်အားပေးပါစေ။

လောကဆိုတာ ကယ်တင်ရှင်အဖြစ် မိမိဖွါးမြင်ခဲ့ရာ သန့်ရှင်းသောမြေသို့ ခရစ်တော်သည် အလင်း သယ်ဆောင်ပါစေ။ ထိုမြေတွင် လူတို့သည် စိတ်ဓါတ်မကျဘဲ ရုန်းကန်လျက် ရှိနေကြပါတယ်။ သူတို့ဟာ ငြိမ်းချမ်းခြင်း၊ လုံခြုံခြင်းနှင့် ဖွံ့ဖြိုးတိုးတက် ခြင်းကို စောင့်မျှော်လျက်ရှိကြတယ်။ လက်ရှိ လူမှုရေး အခက်အခဲများနှင့် ရင်ဆိုင်နေရသော အီရတ်နိုင်ငံ နှင့် လူသားရေးရာ အကြပ် အတည်းများ ရင်ဆိုင် နေရသော ယီမင်နိုင်ငံ တို့အား နှစ်သိမ့်မှု ပေးပါစေ။

ဘက်သလေဟင်မြို့တွင် ဖွါးမြင်သော ကလေးငယ်လေးသည် အမေရိကတိုက်ရှိလူများထံ မျှော်လင့်ခြင်း ယူ ဆောင်ပေးပါစေ။ ထိုဒေသရှိ နိုင်ငံ အတော်များများဟာ လူမှုရေး နိုင်ငံရေး အုံကြွမှုများ ရင်ဆိုင် နေကြရပါတယ်။ လူမှုရေး နိုင်ငံရေး တင်းမာမှုများအကြား ကာလကြာမြင့်စွာ ဒုက္ခများ ရင်ဆိုင် ခံစားနေရသော ဗင်နီဇွဲလား နိုင်ငံသူ နိုင်ငံ သားတို့အား ခရစ်တော်သည် အားအင်ဖြည့်တင်းပေးတော်မူပါစေ၊ လိုအပ်လျက်ရှိသော ကူညီထောက်ပံ့ခြင်းများ ပြည့်ဝစွာ ရရှိကြပါစေ။ လူတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စော်ကားသော ဆင်းရဲမွဲတေခြင်းနှင့် အကြပ်အတည်း မျိုးစုံကို ကျော်လွှားနိုင်ပြီး တရားမျှတမှုနှင့် ငြိမ်းအေးခြင်းကို ဖေါ်ဆောင်နိုင်ရန် ကြိုးစားအားထုတ် နေသူများအား ခရစ်တော်သည် ကောင်းကြီးပေးတော်မူပါစေ။

လောကဆိုတာ ကယ်တင်ရှင်သည် ခိုင်မာသော အဖြေနှင့် တည်တံသော ငြိမ်းချမ်းခြင်းကို တောင့်တနေသော ယူကရိန်းနိုင်ငံအပေါ်သို့ အလင်းသယ်ဆောင်ပါစေ။

မွေးဖွါးလာသော အရှင်သည် အာဖရိကရှိ လူများအပေါ် အလင်းကို သယ်ဆောင်လာပါစေ။ ထိုဒေသတွင် အဆက်မပြတ်ဖြစ်နေသော လူမှုရေး နိုင်ငံရေး ပဋိပက္ခများကြောင့် လူများစွာသည် မိသားစုနှင့် နေအိမ်များကို စွန့်ခွါထွက်ပြေးပြီး အခြား နိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်ကြရပါတယ်။ အဆက်မပြတ်သော ပဋိပက္ခများ အကြား နေကြရသော ကွန်ဂို ဒီမိုကရက်တစ် အရှေ့ပိုင်းသို့ ငြိမ်းချမ်းသယ်ဆောင်ပေးပါစေ။ အကြမ်းဖက်ခြင်း၊ သဘာဝဘေးအန္တရယ် နှင့် ကပ်ရောဂါများကြောင့် အတိဒုက္ခရောက်နေသူများအား နှစ်သိမ့်ခြင်းကို သယ်ဆောင်ခဲ့ပါစေ။ မိမိတို့၏ ယုံကြည်ခြင်းအတွက် နိပ်စက်ညှင်းပန်းခံရသူများ၊အထူးသဖြင့် ပြန်ပေးဆွဲခံနေရသော သာသနာပြုများ နှင့် ယုံကြည်သူဘာသာဝင်များ၊ အစွန်းရောက်သူတို့၏ တိုက်ခိုက်သတ်ဖြတ်ခြင်း ခံနေရသူများ အထူးသဖြင့် ဘူကီးနားဖိုဆို၊ မာလီ၊ နီဂါ နှင့် နိုက်ဂျီးရီးယား နိုင်ငံများသို့ စိတ်နှစ်သိမ့်မှုကို သယ်ဆောင်ပေးပါစေ။

ကောင်းကင်မှ ကမ္ဘာလောကသို့ ဆင်းကြွ လာတော်မူသော ဘုရား၏သားတော်သည် ဤကဲ့သို့သော တရားမျှတမှု ကင်းမဲ့ခြင်းနှင့် အခြားသော ဘေးဒုက္ခများကြောင့် လုံခြုံမှုအတွက် နေရပ်စွန့်ခွါ ထွက်ပြေး ကြရသူများအား ကာကွယ် စောင့်ရှောက် တော်မူပါစေ။ ဒီလူတွေဟာ တရားမျှတမှု ကင်းမဲ့ခြင်းကြောင့် သူတို့ရဲ့ သချိုင်းဖြစ်လာတဲ့ ကန္တာရတွေနဲ့ ပင်လယ်ပြင်ကို စွန့်စား ကူးဖြတ်ကြရပါတယ်။ တရားမမျှတခြင်းက သူတို့ကို လှောင်ပိတ်ထားတဲ့ စခန်းတွေထဲမှာ ညှင်းပန်းနှိပ်စက်ခံရတယ်၊ မတော်မတရား ပြုခံရတယ်၊ ကျွန်ပြုခံကြရပါတယ်။ တရားမမျှတခြင်းက သူတို့မျှော်လင့်တဲ့ သိက္ခာရှိတဲ့ ဘဝကို မရကြဘဲ ဥပက္ခာပြုခြင်း တံတိုင်းကို သာမြင်တွေ့စေပါတယ်။

အေမာနူအဲလ်အရှင်သည် ဝေဒနာမျိုးစုံ ခံစားနေရသော လူသား မိသားစုဝင်များထံ အလင်းကို သယ်ဆောင်ပေးပါစေ။ ကိုယ်တော်ရှင်သည် ကျောက်ခဲကဲ့သို့မာကျောပြီး အတ္တကြီးမားသော ကျွန်ုပ်တို့၏ နှလုံးသားကို ပျော့ပြောင်းစေပြီး ချစ်ခြင်းမေတ္တာတို့ စီးဆင်းရာ အဖြစ် ဖန်တီးပေးပါစေ။ ကိုယ်တော်ရှင်သည် သူ၏ အပြုံးကို ကျွန်ုပ်တို့၏ မျက်နှာများမှတဆင့် ကမ္ဘာလောကဆီ ကလေးများ အထူးသဖြင့် အပယ်ခံများ အကြမ်းဖက်ခံရသော ကလေးငယ်များ ထံပို့ဆောင်ပါစေ။ ကျွန်ုပ်တို့၏ ချိန့်သော လက်များမှတဆင့် အဝတ်အထည် မရှိသူများအား ဝတ်ဆင်ပေးပါစေ၊ ဆာလောင်သော သူများအား ကျွေးမွေးပါစေ၊ ဖျားနာသူများအား ကုသပေးပါစေ၊ ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်ခြင်းမှတဆင့် အိုမင်းမစွမ်းသူများ၊ အထီးကျန်သူများ၊ အပယ်ခံများ နှင့် ရွှေ့ပြောင်း အခြေချသူများအား နီးကပ်မှု ရှိစေပါ။

ဤ နေ့ကဲ့သို့ ပျော်ရွှင် ဘွယ်ရာ ခရစ္စမတ် နေ့ရက်မြတ်တွင် ဘုရားသခင်သည် သူ၏နူးညံ့ခြင်းအား လူအားလုံးထံ သယ်ဆောင်ပါစေ၊ ဤကမ္ဘာ၏ အမိုက်မှောင် အား ထွန်းလင်းစေပါစေသော် ... ။

ဗုဒ္ဓဂေါဒမ်းကြီး ဖရန်စစ် အရှင်သူမြတ် ၏ ၂၀၁၉ ခုနှစ် အား ဖြန်လည် ကြည့်ရှုခြင်း

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဧဝံဂေလိသတင်းကောင်း ဟောပြောခြင်းသည် အရေးအကြီးဆုံးသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း အစဉ်သတိပေးခဲ့သည်။ ၂၀၁၉ ခုနှစ် အတွင်း ပုပ်ရဟန်းမင်းကြီးသည် ထိ လုပ်ငန်းတာဝန်ကို အတိအကျဆောင်ရွက်ခဲ့သည်။ ဗုဒ္ဓဟူးနေ့တိုင်းပြုလုပ်သော လူထု ပရိတ်သတ်အား အယူဝါဒ သင်ကြားခြင်း ၄၁ ကြိမ် (ကောင်းကင်ဘုံ၌ မေတ္တာ နှင့် တမန်တော် ဝတ္ထု ကျမ်းစာအပေါ် ထောက်ရှု သင်ကြားခဲ့သည်) ၊ တနင်္ဂနွေနေ့တိုင်း လူထု ပရိတ်သတ်အား နေ့လည် ၁၂ နာရီ အန်ဂျေလူး မေတ္တာ အတူ မရွတ်ဆိုမှီ ပေးသော မိန့်ခွန်း ၅၆ ကြိမ်၊ လူထုပရိတ်သတ်အား ပေးသော သြဝါဒ ၆၀ ကျော်၊ ဆန်တာ မာသာ ဘုရားခန်းတွင် နေ့စဉ် မစ္စားပူဇော်စဉ်ပေးသော သြဝါဒ ၄၄ ခု တို့တွင် ပုပ်ရဟန်းမင်းကြီးသည် သတင်းကောင်းကို အမှန်တကယ် မျှဝေပေးခဲ့သည်။ ထိုဟောကြားချက်များအပြင် သဝဏ်လွှာများ၊ ပေးစာများ၊ စာချွန်တော် များ၊ တွေ့ဆုံမေးမြန်းခြင်းများ နှင့် ရောမမြို့တွင်လည်းကောင်း ၊ သိုးထိန်းခရီးစဉ်များတွင်လည်းကောင်း ပေးခဲ့သေည မိန့်ခွန်း ၂၆၀ ခန့်တို့လည်း ပါဝင်သည်။

သေချာခြင်း၊ ရှုတ်ထွေးခြင်း မဟုတ်

နှစ်အတွင်း ပုပ်ရဟန်းမင်းကြီး၏ သွန်သင်ချက်များတွင် သေချာပြတ်သားသော စိတ်ချမ်းမြေ့ဘွယ်ရာ သွန်သင်ချက်ကို ကျွန်ုပ်တို့အား ပေးခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ချစ်တော်ပြီး ခရစ် တော်သခင်၌ ကျွန်ုပ်တို့အတွက် အသက်စွန့်ကာ ချစ်ခဲ့သည်။ ဧဝံဂေလိ သတင်းကောင်း၏ ဝမ်းမြောက်ခြင်း စာချွန်တော်တွင် ရေးသားခဲ့သည်အတိုင်း ဤသတင်း စကားသည် ပုပ်ရဟန်းမင်းကြီး၏ လုပ်ငန်းစဉ်များ၏ အနှစ်ချုပ်ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီး က မိခင်များနှင့် အဖွါးများ၏ ရိုးစင်းပြီး ခိုင်မာသော ယုံကြည်ခြင်းကို တန်ဘိုးထားရန် ကျွန်ုပ်တို့အား သတိပေးခဲ့သည်။ ထိုယုံကြည်ခြင်းသည် သားသမီးများအား ခွန်အားနှင့် ရှေ့ဆက်နိုင်စွမ်းကို ပေးသည်။ ထိုယုံကြည်ခြင်းသည် လူအများ သတိမမူမိသော အိမ်တွင်း ဖြစ် ယုံကြည်ခြင်းဖြစ်ကာ နိုင်ငံတော် အဆင့်ဆင့် တည်ဆောက်ပေးသည်။ ရှုတ်ထွေးမှု မရှိသော ယုံကြည်ခြင်းဖြစ်သည် အဘယ့်ကြောင့်ဆိုသော် ထိုယုံကြည်ခြင်းသည် ဧဝံဂေလိ တရားတော်၏ သေချာခိုင်မာသော အချက်များပေါ်တွင် တည်ဆောက်ထားသည်။

မိမိကိုယ်ကို ပြုပြင်ခြင်း၊ မိမိကိုယ်ကို ဆူတောက်ကောင်းပြုခြင်း မဟုတ်

ခရစ်တော် သခင်ကဲ့သို့ပင် ပုပ်ရဟန်းမင်းကြီးသည် လိုအပ်လျှင် ဆုံးမစကားပြောရန် ဝန်လေး တတ်သူမဟုတ်ပေ။ အထူးသဖြင့် မိမိကိုယ်ကို သူတပါးထက် ပိုကောင်းသည်ဟု မှတ်ယူသူများကို ဆုံးမလေ့ရှိသည်။ ဤကဲ့သို့သော စိတ်ဓါတ်ကို မိမိကိုယ်ကို ကက်သလစ်ဟု ခေါ်ပြီး ခရစ်ယာန်နှင့် လူသား ဖြစ်ရန် မေ့လျော့နေသူတို့ ကိုးကွယ်သော အတ္တဘာသာဟု မှည့် ခေါ်ခဲ့သည်။ ထိုသူတို့သည် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းသည် နီးစပ်သူတို့အားချစ်ခြင်းမေတ္တာထားခြင်းတွင်အခြေခံသည်ကိုမေ့လျော့နေသူများဖြစ်သည်ကြောင်း ပုပ်ရဟန်းမင်းကြီးက သတိပေးခဲ့သည်။ မိမိကိုယ်ကို သူတော်ကောင်းဟု ပြောလိုသော မောက်မာစိတ်သည် ကျွန်ုပ်တို့အတွင်းမှ မကြာခဏ ထွက်လာတတ်သည်။ ယုံကြည်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့အား သူတပါးက အမှားပြင်ပေးခွင့်ပြုသည့် နှိမ့်ချသော စိတ်ဟု ပုပ်ရဟန်းမင်းကြီးက သတိပေးသည်။

နှုးညံ့သိမ်မွေ့ခြင်း၊ ခက်ထန်ခြင်း မဟုတ်

သခင် ခရစ်တော်ကဲ့သို့ပင် ပုပ်ရဟန်းမင်းကြီး၏ စကားတို့သည်လည်း သက်ရောက်မှု နှစ်မျိုးရှိသည်။ အချို့တို့သည် ခရစ်တော်၏ စကားကြောင့် ပြောင်းလဲလာကြသော်လည်း အချို့တို့သည် အရင်ကထက်ပင်ပို၍ မာကြောလာကြသည်။ စက်တင်ဘာလ၊ အာဖရိက ခရီးစဉ်မှ အပြန် လေယဉ်ပေါ်တွင် ပုပ်ရဟန်းမင်းကြီးက အသင်းတော်အတွင်း အယူကွဲလွဲမှုများရှိလာခြင်းအတွက် စိုးရိမ်စိတ်မရှိကြောင်းပြောကြားခဲ့သည်။ သို့သော် အသင်းတော်အတွင်းတွင် ခက်ထန်သော အယူဝါဒ ကျောင်းများ ပေါ်ပေါက်လာခြင်းကိုတော့ စိုးရိမ်ရမည်။ ဤကျောင်းများသည် အယူကွဲခြင်း တမျိုးပင် ဖြစ်ပြီး ဆိုးရွားစွာ အဆုံးသတ်နိုင်သည်ဟု မိန့် ကြားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ခက်ထန်သော ကျင့်စဉ်များတွင် ဧဝံဂေလိ တရားတော်၏ သန့်ရှင်းမြင့်မြတ်ခြင်း အသက်တာကို မရရှိနိုင်သောကြောင့် ဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးက အဆိုးကို အကောင်းဖြင့် တုန့်ပြန်ရန် မှာကြားသည်။ အသင်းတော်သည် ကက်သလစ် မဟုတ်တော့ဘဲ ပုပ်ရဟန်းမင်းကြီးသည် လွဲမှားစွာသင်ကြားနေသည်ဟုစွပ်စွဲသူများအား နှုးညံ့သိမ်မွေ့ခြင်းနှင့် အဖေါ်ပြုပေးရန် ဖိတ်ခေါ်သည်။ ပုပ်ရဟန်းမင်းကြီးသည် ယုံကြည်ရာ အချက်များကို ပြောင်းလဲနေသည် မဟုတ်ပါ။ မည်သည့် သဒ္ဓါကြည်ညိုခြင်းကိုမှ မဖျက်စီးပါ။ ပုပ်ရဟန်းမင်းကြီးက သူတပါးကို လက်ခံကြိုဆိုတတ်ရန်၊ သနားကြင်နာစိတ်ထားရှိရန် သွန်သင်နေသည်၊ စည်းလုံးညီညွတ်သော လူအဖွဲ့အစည်းတစ်ခုအဖြစ် အတူတကွ လျှောက်လှမ်းကြရန် အားပေးခြင်းဖြစ်သည်။ ဤသို့ဖြင့် ယုံကြည်ရာ အချက်တို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် စစ်မှန်သော ထုံးတမ်းဓလေ့တို့ဖြင့် အစဉ်အမြဲ လိုက်လျော ညီထွေဖြစ် ကြပေလိမ့်မည်။

ယုံကြည်ခြင်း၊ ရှုဒီဝုကိုးကွယ်ခြင်း မဟုတ်

ဘာသာပ ထုံးတမ်းများ ကြီးထွားလာနေသော ခေတ်အခါသမယတွင် ပုပ်ရဟန်းမင်းကြီးက ကျွန်ုပ်တို့အား တဆူတည်းသော ဘုရားသခင်အား အာရုံထားကြရန် ဖိတ်ခေါ်သည်။ "ရှုပ်ထု ကိုးကွယ်ခြင်းဆိုတာ ဘာသာပတွေရဲ့ ဝိမာန်ထဲဝင်ပြီး ရှုပ်ထုတွေအရှေ့မှာ ဦးညွှတ်တာ တစ်ခုတည်း မဟုတ်ပါဘူး။ ရှုပ်ထု ကိုးကွယ်ခြင်းဆိုတာ နှလုံးသားရဲ့ သဘောထား ဖြစ်ပါတယ်။" ရှုပ်ထုတွေရဲ့ အမည်သာကွဲသွားပါလိမ့်မယ် သူတို့ဟာ အမြဲရှိနေပါတယ်၊ မျက်မှောက်ကာလမှာ ပိုလို့တောင် ရှိနေပါသေးတယ်။ ငွေကြေး၊ အောင်မြင်မှု၊ အလုပ်အကိုင်၊ စိတ်ကြိုက်ဘဝကို ပုံဖော်ခြင်း၊ အပျော်အပါး စတဲ့ အရာတွေအားလုံးဟာ ပျော်ရွှင်မှုကို ရစေရမယ်လို့ ကတိထားပေမယ့် လက်တွေ့မှာ ပေးနိုင်စွမ်းမရှိပါဘူး။ ပိုဆိုးတာက သူတို့ဟာ ကျွန်ုပ်တို့ကို ကျွန်ပြုလာတတ်ပါတယ်။ ပုပ်ရဟန်းမင်းကြီးက "ဒီရှုပ်ထုတွေဟာ အသက်တာကို ကတိထားပေမယ့် လက်တွေ့မှာတော့ အသက်ကို နှုတ်ယူတတ်ပါတယ်။ စစ်မှန်တဲ့ ဘု ရားသခင်က အသက်ကို မတောင်းဆိုပါဘူး၊ အသက်ကို ပေးပါတယ်။" ဟု သတိ ပေးခဲ့သည်။

ခရစ်တော်အား ဗဟိုပြုခြင်း

အောက်တိုဘာလတွင် ကျင်းပခဲ့သော အမေဇုံ ဒေသအတွက် ဆရာတော်ကြီးများ ညီလာခံတွင် မကြာခဏကြားရသော စကားလုံးမှာ အကျင့်ပြောင်းလဲခြင်း conversion ဖြစ်သည်။ အကျင့်ပြောင်းလဲခြင်း လေးမျိုးကို ညီလာခံ၏ အပိတ်စာတမ်းတွင် ဖတ်ရှုရသည်။ ညီလာခံ စိတ်ထားရှိရေး - အဘယ်ကြောင့်ဆိုသော် အသင်းတော်သည် တစ်ခုတည်း လျှောက်လှမ်းရမည်၊ တကွဲတပြား သို့မဟုတ် တစ်ဦးတည်း မရောက်နိုင်ပါ။ ရိုးရာယဉ်ကျေးမှု - အဘယ်ကြောင့်ဆိုသော် ရိုးရာဓလေ့ပေါင်းစုံနှင့် ဆွေးနွေးညှိနှိုင်းနိုင်ရမည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး - အဘယ်ကြောင့်ဆိုသော် အတ္တစိတ်ဖြင့် သဘာဝ ပတ်ဝန်းကျင်ကို ဖျက်စီးခြင်းသည် လူသားထုတစ်ရပ်လုံးကို ဖျက်စီးခြင်းပင် ဖြစ်သည်။ သိုးထိန်းလုပ်ငန်း - အဘယ့်ကြောင့်ဆိုသော် ဧဝံဂေလိ သတင်းကောင်း ဟောပြောခြင်းကို အဆောတလျင် ပြုလုပ်ရန်လိုသည်။

ဤ အကျင့်ပြောင်းလဲခြင်း လေးခု၏ အခြေခံမှာ အသက်ရှင်သော ဧဝံဂေလိ တရားတော် ဖြစ်သည့် ခရစ်တော်ထံ ပြန်လည် ချည်းကပ်ခြင်း ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးက စစ်မှန်သော အကျင့် ပြောင်းလဲခြင်းဆိုသည်မှာ မိမိကိုယ်ကို ဘေးဖယ်ထားကာ ခရစ်တော်အား မိမိဘဝ၏ ဗဟိုတွင်ထားကာ ဝိညာဉ်တော် ဘုရားအား ကျွန်ုပ်တို့ဘဝ၏ အဓိက ဇာတ်ဆောင် အဖြစ် လက်ခံကြရန် ဖြစ်သည်ဟု သွန်သင်ခဲ့သည်။

မတော်မတရား ဖြူလုပ်ခြင်းများအား တိုက်ဖျက်ခြင်း

ဖေဖေါ်ဝါရီလတွင် ပြုလုပ်ခဲ့သော "အသင်းတော်အတွင် ကလေးသူငယ်များအား ကာကွယ်ခြင်း" ညီလာခံသည် ဘက်ပေါင်းစုံမှ သမိုင်းဝင်ဖြစ်ခဲ့သည်။ ထိုညီလာခံသို့ နိုင်ငံပေါင်းစုံမှ ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ များ ပါဝင်တက်ရောက်ခဲ့ကြသည်။ ထိုညီလာခံတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဖြင့် အသင်းတော်အတွင်း ဖြစ်နေသည့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ မတော်မတရား ပြုမူခြင်းများကို ဆွေးနွေးကာ ကာကွယ်နိုင်မည့် နည်းလမ်းများကို ရှာဖွေခဲ့ကြသည်။ ညီလာခံ အဆုံးတွင် ပုပ်ရဟန်းမင်းကြီးက အပိတ်မိန့်ခွန်း ပြောကြားခဲ့သည်။ ကလေးသူ ငယ်များအား လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းသည် ယူနီဗာဆယ် ပြဿနာတစ်ခုဖြစ်နေပြီး နေရာတိုင်းတွင် လူတိုင်းကို ထိခိုက်လျက် ရှိသည်။ ရှာဖွေတွေ့ရှိချက်များအား ကိုးကားကာ အိမ်များ၊ စာသင်ကျောင်းများ၊ ကစားကွင်းများနှင့် ဘုရားကျောင်းတို့တွင် မိသားစုဝင်များ နှင့် ပညာသင်ကြားပေးသူများက ကျူးလွန်နေကြသည်။ လိင်ပိုင်းဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့် လူကုန်ကူးမှုများလည်း ရှိနေသည်။ ရက်စက်လွန်းသော ဤ အပြုအမူသည် အသင်းတော်နှင့် လုံးလုံးလျားလျား အပ်စပ်မှု မရှိသော်လည်း အသင်းတော်အတွင်း ဖြစ်ပျက်နေခြင်းသည် ကြီးမားစွာ ဆိုးရွားသော ပုံစံတစ်ခု ဖြစ်နေသည်။ အကြောင်းမှာ ဤ ဖြစ်စဉ်တို့သည် အသင်းတော်၏ နီတိစွမ်းအားနှင့်လည်းကောင်း ကိုယ်ကျင့်တရားဆိုင်ရာ ယုံကြည်မှုတို့နှင့်လည်းကောင်း လုံးဝ ဖီလာဆန့်ကျင်နေသော ကြောင့် ဖြစ်သည်။

ဗုဒ်ရဟန်းမင်းကြီးဆိုင်ရာ လျှို့ဝှက် ဥပဒေအား ဖျက်သိမ်းခြင်း

ပုပ်ရဟန်းမင်းကြီး၏ VOS ESTIS LUX MUNDI အမိန့်ထုတ်ပြန်ချက်ဖြင့် လိင်ပိုင်းဆိုင်ရာ ပြစ်မှုများဖြစ်သည့် မတော်မတရားပြုခြင်း၊ ဗလက္ကာရပြုခြင်း၊ အကြမ်းဖက်ခြင်း များအား ကိုင်တွယ်ရာတွင် နည်းလမ်းအသစ်ကို အသုံးပြုစေသည်။ ဆရာတော်ကြီးများနှင့် အသင်းဂိုဏ်းအကြီးအကဲများအားလည်း သူတို့၏ အပြုအမူအတွက် တာဝန်ယူမှုရှိစေရန် ခိုင်မာစေခဲ့သည်။ ဘုန်းတော်ကြီးများနှင့် သစ္စာသုံးပါးခံအသင်းဝင်တိုင်းတို့သည် ထိုကဲ့သို့ပြစ်မှုကို သတင်းပေးရန် တာဝန်ယူစေသည်။ ကက်သလစ်သာသနာ အသီးသီးတွင်လည်း ထိုကိစ္စများအား အများသူငှါ လွယ်လင့်တကူ သိနိုင်ရန် လုပ်ဆောင်ရမည်၊ တိုင်ကြားချက်များအား လက်ခံရန် လွယ်ကူသောနည်းလမ်းများ ချမှတ်ရမည်။ ဤအမိန့်ကြေငြာချက်ဖြင့် ပုပ် ရဟန်းမင်းကြီးဆိုင်ရာ လျှို့ဝှက်ချက်ကို ပယ်ဖျက်ခဲ့ပြီး ကလေးသူငယ်များ၏ လိင်ပိုင်းဆိုင်ရာ ရုပ်ပုံများနှင့် စပ်လျဉ်းသော ဥပဒေကို ပြင်ဆင်ခဲ့သည်။ ကလေးများအရွယ်ကို အရင်က ၁၄ နှစ် ဟု သတ်မှတ်ထားသော်လည်း ဤထုတ်ပြန်ချက်တွင် ၁၈ နှစ် အထိ တိုးမြှင့်ခဲ့သည်။

Roman Curia ရှိမင်း ကူရီယာ အား ပြုပြင်ပြောင်းလဲခြင်း

ကဿာတဝန်းလုံးတွင်ရှိသော ကက်သလစ် အသင်းတော်အား ပုပ်ရဟန်းမင်းကြီး၏ စီမံကွပ်ကဲ အုပ်ချုပ်မှု လက်တွေ့ အကောင်အထည်ဖော်ရသည့် ကော်မရှင်များ၊ ဌာနများကို ပုပ်ရဟန်းမင်းကြီးက အသစ်တဖန် ပြန်လည် ဖွဲ့စည်းလျက်ရှိသည်။ ဇဝံဂေလိ တရားတော်အား ကြေငြာဟောပြောလော့ (Praedicate Evangelium) ဟု အမည်ပေးထားသော ဖွဲ့စည်းပုံ ဥပဒေအား ဆက်လက်ပြုပြင်လျက်ရှိသည်။ ထိုဥပဒေအရ ကော်မရှင်များနှင် ဌာနများကို ပူးပေါင်းခြင်းဖြင့် လျှော့ချပြီး အဖွဲ့ဝင်များတွင် သာမန်လူပုဂ္ဂိုလ်များနှင့် အမျိုးသမီးများအား ပါဝင်စေရန်ဖြစ်သည်။ နှစ်ကုန်ခါနီးတွင် ကာဒီနယ်များအသင်း၏ ဥက္ကဋ္ဌ ကာဒီနယ် အန်ဂျေလို ဆိုဒါနိ၏ အနားယူခြင်းကို ပုပ်ရဟန်းမင်းကြီးက လက်ခံခဲ့သည်။ ကာဒီနယ် ဆိုဒါနိသည် ၂၀၀၅ ခုနှစ်ကပင် ထိုရာထူးယူထားခြင်းဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးက ထိုရာထူးနေရာကို ၅ နှစ်သက်တမ်းအဖြစ် သတ်မှတ်ခဲ့သည်။ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ အသင်းတော်အား သာသနာပြုအသင်းတော်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ပြုပြင်လျက်ရှိသည်။

ဗာတီကန် ဗီးတွဲးရေးစနစ်အား ပြုပြင်ပြောင်းလဲခြင်း

ဗာတီကန်တွင် ငွေကြေးကဏ္ဍအား ပြုပြင်လျက်ရှိရာ အထူးသဖြင့် ပွင့်လင်းမြင်သာရှိမှုနှင့် အသုံးစရိတ် ထိန်းချုပ်ခြင်းတို့တွင် ၂၀၁၉ ခုနှစ်၌ သိသာစွာပြောင်းလဲခဲ့သည်။ ဗာတီကန်ဘဏ်၏ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြီး ပြင်ပမှ စာရင်းစစ်များအား ခန့်အပ်ခဲ့ပြီး နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း ပုံမှန်ဆောင်ရွက်စေသည်။ ယေဇူးအသင်းဝင် ဘုန်းတော်ကြီး ဖါသာရ် ဟွမ် အန်တော်နီယို ဂူအယ်ရယ်ရှိ အာလ်ဗဇ် အား စီးပွါးရေးဌာန၏ ဥက္ကဋ္ဌ အဖြစ် ခန့်အပ်ခဲ့ပြီး ရဟန်းမင်းကြီး၏ ရုံးတော်၌ တာဝန်ထမ်းဆောင်နေသူများ၏ ငွေလွှဲခြင်းများအား စိစစ်ရန် အခွင့်အာဏာပေးခဲ့သည်။ Peter's Pence ဟုခေါ်သော ဘာသာဝင်များ၏ အလှူငွေနှင့် စပ်လျဉ်း၍ ရဟန်းမင်းကြီးက ငွေကြေးကို ကောင်းမွန်စွာ ထိန်းသိမ်းခြင်းဆိုသည်မှာ လိုအပ်သလို သုံးစွဲရန် ဖြစ်ပြီး အံဆွဲထဲတွင် သိမ်းဆည်းထားခြင်းမဟုတ်ဟု ပြောကြားခဲ့သည်။ ရင်းနှီး မြှုပ်နှံမှုတိုင်းသည် ကျင့်ဝတ်နှင့် ညီညွတ်ရမည်။ ငွေကြေးကို ဇဝံဂေလိ သတင်းဖြန့်ချီရေးနှင့် ဆင်းရဲသားများ အရေးအတွက် အသုံးပြုရမည်ဟု သတိပေးခဲ့သည်။

ဘုရားသခင်၏ နှုတ်ပါဠိတော် တနင်္ဂနေ့

စက်တင်ဘာ ၃၀ ရက်နေ့စွဲဖြင့် ထုတ်ပြန်သော APERUIT ILLIS အမိန့်ကြေငြာဖြင့် ဘုရား သခင်၏ နှုတ်ကပါဠိတော် တနင်္ဂနေနေ့ကို သတ်မှတ်ခဲ့သည်။ ထိုနေ့တွင် ဘာသာဝင်များအား သမ္မာကျမ်းစာ ဖတ်ရှုကြသည့် အလေ့အထကို မွေးဖွါးပေးရန် အထူးနေ့ရက်ကို သတ်မှတ်ပေးခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စိန့်ဂျေရုမ်း၏ အဆိုအတိုင်း သမ္မာကျမ်းစာကို မသိခြင်းသည် ခရစ်တော်အား မသိခြင်းပင်ဖြစ်သည်။ ဤတနင်္ဂနေနေ့ကို နှစ်အတွင်း တတိယသာမန်တနင်္ဂနေနေ့ကို သတ်မှတ်ထားသည်။ ၂၀၂၀ ခုနှစ်တွင် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်မည်ဖြစ်သည်။

Christmas Crib ဖွါးတော်မူခန်း ခြေဝင်ကွင်းအား တည်ဆောက်ခြင်း

ဒီဇင်ဘာ ၁ ရက်နေ့တွင် ADMIRABILE SIGNUM ကြည်ညိုလေးမြတ်ဘွယ်ရာ အမှတ်ဆိုသည့် တမန်တော်စာအား လက်မှတ်ရေးထိုးခဲ့သည်။ ထိုစာတွင် ခရစ္စမတ်အချိန်၌ ခရစ်တော်၏ဖွါးတော်မူခြင်းမြင်ကွင်းအားတည်ဆောက်ခြင်းသည် ဘုရားသားတော်၏ လူအဖြစ်ယူခြင်း နက်နဲဘွယ်ရာ ပျော်ရွှင်စွာနှင့် ရိုးစင်းစွာ ဟောကြားခြင်း ဖြစ်သည် ဟု ရေးသားထားသည်။ မည်သည့်နေရာတွင် မည်သည့်ပုံစံဖြင့် တည်ဆောက်သည် ဖြစ်စေ ခရစ္စမတ်မြင်ကွင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်၏ ချစ်ခြင်း မေတ္တာကို ဖော်ပြနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သည့် အခြေအနေတွင် ရှိနေသည်ဖြစ်စေ ကျွန်ုပ်တို့နှင့် နီးကပ်စွာရှိနေမည့် မေတ္တာတော်ရှင် ဘုရားသခင်ပင်ဖြစ်ကြောင်း ကလေးငယ်လေးအဖြစ် မွေးဖွါးလာသည့် ဘုရားသခင်ကို မြင်တွေ့စေပါသည်။

ညှဉ်းပန်းနှိပ်စက်ခံရသော ခရစ်ယာန်များ

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ညှင်းပန်းနှိပ်စက်ခံရသော ခရစ်ယာန်များအတွက် အမြဲတမ်း ရပ်တည်ခဲ့သည်။ မျက်မှောက်ခေတ်အချိန်အခါတွင် ကနဦးအသင်းတော်ထက်ပင် တရားတော်အတွက် အသေခံသူ ပိုများသည်ဟု မိန့်ဆိုခဲ့သည်။ ပါကစ္စတန်နိုင်ငံတွင် မတရားစွပ်စွဲခံထားရကာ ၂၀၀၅ ခုနှစ်ကပင် ထောင်ချခံထားရသော အာရှ ဘီဘီ ပြန်လည်လွတ်မြောက်ခဲ့သည်။ သူ့အတွက် အစဉ်ဆုတောင်းပေးနေကြောင်း ပုပ်ရဟန်းမင်းကြီးက ဘီဘီ၏ သမီးတစ်ဦးအားပြောကြားခဲ့သည်။

ဧပြီ ၂၁ ရက်နေ့ သီရိလင်္ကာနိုင်ငံတွင် အီစတာပွဲတော် ကျင်းပနေကြသော ဘုရား ကျောင်းတွင်ဗုံးပေါက်ကွဲခဲ့ရာ ခရစ်ယာန် ဦးရေ ၂၅၀ ကျော် သေဆုံးခဲ့သည်။ ထိုနေ့မှာပင် ရဟန်းမင်းကြီးက တိုက်ခိုက်မှုများ ရပ်တန့်ကြရန် တောင်းဆိုခဲ့သည်။ ခရစ်ယာန်များအတွက် သာမက အခြားဘာသာဝင်များ မတရားခံရလျှင်လည်း ရပ်တည်ပြောဆိုခဲ့သည်။ နျူးဇီလန်နိုင်ငံ ခရိုက်စ်ချာ့ချ်တွင် မတ်လ ၁၅ ရက်နေ့က ဗလီအတွင်း ဝင်ရောက်ပစ်ခတ်မှုကြောင့် ဆုတောင်း ဝတ်ပြုနေသော မွတ်ဆလင် ၅၀ ခန့်သေဆုံးခဲ့သည်။ ထိုအပြုအမူကိုလည်း ရှုတ်ချခဲ့သည်။

မိသားစုများနှင့် လူငယ်သက်တော်ကို ကာကွယ်ခြင်း

မတ်လ ၂၅ ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီးသည် အီတလီနိုင်ငံ လောရက်တိုသို့ သွားရောက်ခဲ့သည်။ ယောကျ်ားနှင့် မိန်းမ တို့အကြား လက်ထပ်ခြင်းဖြင့် ဆောက်တည်ထားသော မိသားစုတို့သည် ယနေ့ခေတ်အခါတွက် မရှိမဖြစ်လိုအပ်သော အရေးပါမှုနှင့် လုပ်ငန်းစဉ် ဖြစ်ကြောင်း မိန့်ဆိုခဲ့သည်။ ကမ္ဘာ့ကုလ သမဂ္ဂတွင် ဗတီကန်၏ အမြဲတမ်း လေ့လာသူအဖြစ်တာဝန်ထမ်းဆောင်နေသော ဂိုဏ်းချုပ်ဆရာတော်ကြီး ဘယ်နာဒီတို အောဇာ က ပုပ်ရဟန်းမင်းကြီးအား ကိုးကားကာ လိင်တူ လက်ထပ်ခြင်းကို လူသားထု၏တိုးတက်မှုတွင် နောက်ပြန်ဆုတ်ခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အသက်တာအား သဘာဝအတိုင်း ကုန်ဆုံးစေခြင်းကို ကာကွယ်ပြောဆိုခဲ့သည်။ အချို့လူတွေဟာ လူဖြစ်ရကျိုး မနပ်တော့ဘူးလို့ မှတ်ယူပြီး သတ်ပစ်တတ်တဲ့ အလေ့အထ ဖြစ်မလာဖို့ ကျွန်ုပ်တို့ကြိုးစားကြရပါမယ်။ အသက်တိုင်းမှာ တန်ဘိုးရှိပါတယ်။ မိခင်ဝမ်းထဲက မမွေးဖွါးသေးတဲ့ကလေးငယ်ရဲ့ အသက်၊ ဆာလောင်မှုကြောင့်၊ အကြမ်းဖက်မှုကြောင့်၊ တရားမျှတမှု ကင်းမဲ့ခြင်းကြောင့် ဝေဒနာခံစားနေရတဲ့ သူတို့ရဲ့အသက် ဟာတန်ဘိုးရှိပါတယ်။ ရောဂါသည် ဖြစ်ပါစေ၊ အသက်အရွယ်ကြီးရင့်အိုမင်း မစွမ်းသူဖြစ်ပါစေ၊ ပိုကောင်းတဲ့နေရာကို ရှာဖွေနေတဲ့ ရွှေ့ပြောင်းလုပ်သားဖြစ်ပါစေ လူတိုင်းရဲ့ အသက်ဟာ တန်ဘိုးရှိပါတယ်။ တရားမျှတခြင်းဆိုတာ လူအချို့အတွက်ပဲ မဟုတ်ပါဘူး။ လူတိုင်းအတွက်ပါ။

လူငယ်များကို အားပေးခြင်း

၂၀၁၉ ခုနှစ်တွင် လူငယ်များအတွက် ရည်စူးသော ခရစ်တော် အသက်ရှင်တော်မူသည် Christus Vivit စာချွန်တော်ကို ထုတ်ပြန်ခဲ့သည်။ ထိုစာချွန်တော်မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သောဆရာတော်ကြီးများ၏ ညီလာခံမှ ထွက်ပေါ်လာသော ရလဒ်ဖြစ်သည်။ စာချွန်တော်ကို ဤစကားလုံးများဖြင့် အစချီထားသည်။ "ခရစ်တော်သည် ရှင်သန်တော်မူသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ မျှော်လင့်ချက် ဖြစ်ကာ ကိုယ်တော်သည် လူငယ်များအား ကမ္ဘာလောကသို့ ဆောင်ယူ လာတော်မူသည်။ ခရစ်ယာန်လူငယ် အယောက်စီတိုင်းအား ပြောလိုသော ကျွန်ုပ်၏ သတင်းစကားမှာ - ခရစ်တော်သည် ရှင်သန်တော်မူပြီး သင်တို့ကိုလည်း အလားတူ ရှင်သန်ရန် ခရစ်တော်သခင် အလိုရှိတော်မူသည်။"

အသင်းတော်အား အိုမင်းသွားအောင် လုပ်သောသူတို့လက်မှလည်းကောင်း၊ အတိတ်တွင် လျှောင်ပိတ်ထားခံရခြင်းမှလည်းကောင်း၊ နောက်တွန့်ကာ ရပ်တန့်နေခြင်းမှလည်းကောင်း ကယ်တင်ရန် ပုပ်ရဟန်းမင်းကြီးက ဆုတောင်းခဲ့သည်။ သို့သော် အသင်းတော်သည် မိမိရှေ့၌ လောကကြီးက ချပေးသမျှ အသစ်အဆန်းများကို လက်ခံရယူခြင်းကြောင့်လည်းကောင်း၊ မိမိ၏ သတင်း ကောင်းကို စွန့်လွှတ်ကာ အများနည်းတူ နေထိုင်ခြင်းကြောင့်လည်းကောင်း နပျိုနေသည် ဆိုသည့် နောင့်ယှက်ခြင်းကို ကျော်လွန်နိုင်ရန်လည်း ဆုတောင်းကြရမည်။ အဘယ့်ကြောင့် ဆိုသော် အသင်းတော်သည် မိမိ၏ ခံယူချက်များဖြင့်သာ နပျိုလန်းဆန်းနေသည်ကို သိမှတ်ရမည်။

စာချွန်တော်တွင် ပုပ်ရဟန်းမင်းကြီးက လူငယ်များအား ညီအစ်ကို စိတ်ထားရှိရန်၊ အဖွဲ့ငယ်လေးများဖွဲ့ကာ အခြားသူများအား ပစ်ပယ်ထားခြင်းမျိုး မပြုရန် အကြံပြုထားသည်။ လူတိုင်းသူ အများအကျိုး သယ်ပိုးသူများ ဖြစ်နိုင်ရေးအတွက် လူမှုရေးစိတ်ဖြင့် မိတ်ဆွေသူငယ်ချင်းများ တည်ဆောက်ကြရန် ဖိတ်ခေါ်သည်။ ဆင်းရဲသားများကို အလုပ်အကျွေးပြုကြပါ၊ မေတ္တာတရားနှင့် အစေခံခြင်းတို့အတွက် တော်လှန်ရေးသမားများဖြစ်ကြပါ၊ ထုတ်ကုန်များနောက်လိုက်နေသော စားသုံးသူဘဝ၊ တစ်ကိုယ်တည်း နေထိုင်လိုသော စရိုက်များ၏ ရောဂါကို တွန်းလှန်နိုင်သူများ ဖြစ်ကြပါ ဟု ပုပ်ရဟန်းမင်းကြီးက လူငယ်များအား စိန်ခေါ်ထားသည်။

နိုင်ငံတကာ ဆိုးထိန်းခရီးစဉ်များ

၂၀၁၉ ခုနှစ်အတွင်း သိုးထိန်းခရီးစဉ် ၇ ကြိမ်သွားရောက်ခဲ့သည်။ တိုက်ကြီးလေးတိုက်ရှိ နိုင်ငံပေါင်း ၁၁ နိုင်ငံသို့ ရောက်ရှိခဲ့သည်။ ယခုနှစ်သည် အီတလီနိုင်ငံအပြင်သို့ ခရီး ထွက်ခြင်းကို စံချိန်တင်သော နှစ်ဖြစ်ခဲ့သည်။ ပထမဦးဆုံးခရီးစဉ်မှာ ပနားမားနိုင်ငံ ကျွန်ုပ်လူငယ်များနေ ပွဲတော်ဖြစ်ပြီး ယူအေအီး အာရပ် စော်ဘွားများ ပြည်ထောင်စု သို့ ခရီးဆက်ခဲ့သည်။ ထိုနိုင်ငံတွင် အာလ် အာဇာ၏ မွတ်ဆလင်ခေါင်းဆောင်နှင့် လူသားတို့၏ ညီအစ်ကိုဖြစ်ခြင်း သဘောတူ စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ မော်ရိုကို နိုင်ငံတွင် ဘာသာအချင်းချင်းအကြား ညှိနှိုင်းဆွေးနွေးခြင်း၏ အရေးပါမှုကို ပြောပြခဲ့သည်။ ဘူလ်ဂေးရီးယား၊ မြောက်မက်ဆယ်ဒိုးနီးယားနှင့် ရိုမေးနီးယား ခရီးစဉ်တွင် ခရစ်များ၏ စည်းလုံးရေးကို အားပေးခဲ့သည်။ မိုဇမ်ဘစ်၊ မာဒါဂါစကား နှင့် မောရစ်ဿ တို့တွင် ဆင်းရဲသားများနှင့် ဖန်းဆင်းခြင်းကို ကာကွယ်ရန် တိုက်တွန်းခဲ့သည်။ ထိုင်းနိုင်ငံတွင် အမျိုးသမီးများနှင့် ကလေးငယ်များ၏ အခွင့်အရေးကို လေးစားလိုက်နာကြရန် မှာကြားသည်။ ဂျပန်နိုင်ငံတွင် သူ၏ သတင်းစကားမှာ ငြိမ်းချမ်းရေး ဖြစ်သည်။ နျူကလီးယား လက်နက် အသုံးပြုခြင်းနှင့် လက်ဝယ်ထား ပိုင်ဆိုင်ခြင်း နှစ်ခုစလုံးသည် ကိုယ်ကျင့်တရားနှင့် မကိုက်ညီကြောင်း ထပ်မံပြောဆိုခဲ့သည်။

အီတလီနိုင်ငံအတွင်း ခရီးစဉ်များမှ မှတ်သားဘွယ်ရာများမှာ မာကက်စ် ဒေသတွင် ငလျင်ဒဏ်ခံခဲ့ရသူများ ပွေ့ဖက်ခဲ့သည်၊ လော်ရက်တိုတွင် လူငယ်များအတွက် စာချွန်တော်ကို လက်မှတ်ရေးထိုးခဲ့သည်၊ ရဟန္တာ ဖရန်စစ် ပထမဦးဆုံး ခရစ္စမတ် မြင်ကွင်း စတင် တည်ဆောက်ခဲ့ရာ ဂရေချီအိုတွင် ခရစ္စမတ် မြင်ကွင်း တည်ဆောက်ခြင်း စာလွှာကို လက်မှတ်ရေးထိုးခဲ့သည်။

ရဟန္တာများနှင့် ဘုရားတော်မြတ်များ

၂၀၁၉ ခုနှစ်အတွင်းရဟန္တာတင်မြှောက်ခြင်း၊ သူတော်မြတ်တင်မြှောက်ခြင်း များစွာကို တွေ့မြင်ခဲ့ကြရသည်။ အထူးသဖြင့် နိုင်ငံပေါင်းစုံနှင့် အယူဝါဒ ပေါင်းစုံမှ တရားတော်အတွက် အသေခံခဲ့သူ များစွာပါဝင်သည်။ စပိန်ပြည်တွင်းစစ်အတွင်း အသတ်ခံရသူတို့အား ယုံကြည်ခြင်းကို မုန်းတီးသူတို့က သတ်ခဲကြသည်။ ရိုမေးနီးယားမှ ဂရိကက်သလစ် ဆရာတော်ကြီး ဂုပါးသည် ကွန်မြူနစ်တို့၏ သတ်ဖြတ်ခြင်းခံခဲ့ရသည်။ အာဂျင်တီးနား နိုင်ငံ၏ ဆရာတော်ကြီး အဲရစ် အန်ဟဲလယ်လီ နှင့် အပေါင်းပါတို့သည် လက်ဂျာယိမ်းသော အာဇာ ရှင်များ သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ သာမန် လူပုဂ္ဂိုလ်များအားလည်း ရဟန္တာအဖြစ် တင်မြှောက်ခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံမှ မာဂရိတာ ဘား သည် အိမ်ဘေးနားက ရဟန္တာဟု တင်စားခံရသည်။ မိသားစု အသက်တာကို နေ့စဉ် နေထိုင်ရင်းသန့်ရှင်းသော အသက်တာကို ရယူခဲ့ကြသူများ ဖြစ်သည်။ ၁၈၄၅ ခုနှစ်တွင် အင်္ဂလိကန် အသင်းတော်မှ ကက်သလစ်အသင်းတော်သို့ ပြောင်းလာခဲ့သော ကာဒီနယ် ဟင်နရီ နျူးမင်း ကိုလည်း ရဟန္တာတင် မြှောက်ခဲ့သည်။

ရဟန်းဝါတော် ၅၀ ပြည့် ရွှေစင်ချုပ်ပီလို

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီး၏ ရဟန်းဝါတော် ၅၀ ပြည့်ခဲ့သည်။ ဒီဇင်ဘာလ ၁၇ ရက်နေ့သည် ၈၃ နှစ် ပြည့် မွေးနေ့ဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် ရဟန်းသိက္ခာခံယူခဲ့ခြင်းဖြစ်သည်။ သူ၏ ရဟန်းဘောင်သို့ ခေါ်တော်မူခြင်းမှာ ၁၉၅၃ ခုစက်တင်ဘာလ ၂၁ ရက် တွင် စတင်ခဲ့သည်ဟု ဝန်ခံခဲ့သည်။ ထိုနေ့သည် ဇဝံဂေလိ ကျမ်းရေးသူ အခွန်ခံမာတေဦး၏ ပွဲနေ့ဖြစ်သည်။ သူသည် အာပတ်ဖြေ စက္ကရမင်းတူး အားခံယူခဲ့ရာမှ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို နက်ရှိုင်းစွာခံစားခဲ့ရမှ ရဟန်းဖြစ်ရန် ဆုံးဖြတ်ခဲ့သည်ဟု သိရသည်။ ထိုအချိန်မှစ၍ ရဟန်းဟူသည်မှာ ခရစ်တော်၏ သနားကြင်နာသော နှလုံးသားဖြင့် လူအများကြားတွင်ရှိနေခြင်းဟု ခံယူခဲ့သည်။ ယနေ့သည် သနား ကြင်နာခြင်းနေ့ဟု မိန့်ဆိုခဲ့သည်။ အသင်းတော်သည် ဘုရားသခင်၏ သနား ကြင်နာခြင်းကို တဆင့်ချင်းနားလည် လာလျက်ရှိသည်။ ပုပ် ရဟန်းမင်းကြီး ယောဟန် (၂၃) မှ စတင်ခဲ့ပြီး သူ့နောက်ဆက်ခံသူတို့သည် ထိုလမ်းစဉ်ကို လိုက်ခဲ့ကြသည်။ ယောဟန်ပေါလူး (၂) အချိန်တွင် ဂရုဏာရှင် ယေဇူး တနင်္ဂနွေကို သတ်မှတ်ပေးခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ကျွန်ုပ်တို့အားလုံး သနားကြင်နာခြင်းကို လိုအပ်ပါသည်။ ခရစ်တော်၏ ဒဏ်ရာဒဏ်ချက်တို့သည် ကိုယ်တော်၏ သနားခြင်း စီးဆင်းရာ နေရာများ ဖြစ်သည်။ ထိုဒဏ်ရာများသည် ကျွန်ုပ်တို့အတွက် ရတနာ တစ်ပါးပင်ဖြစ်သည်။ ခရစ်တော်၏ ဒဏ်ရာဒဏ်ချက်များနှင့် နီးစပ်နိုင်ရန် ဝေဒနာခံစားနေရသော ကျွန်ုပ်တို့၏ ညီအစ်ကို မောင်နမများနှင့် နီးကပ်စွာ နေကြပါစို့ ဟု ဖိတ်ခေါ်ခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ရဟန်းဝါတော် ၅၀ ပြည့် အထိမ်းအမှတ် အတွက် တံဆိပ်ခေါင်း ၂ ခုကို ဗာတီကန်မှ ထုတ်ဝေခဲ့သည်။ တစ်ခုမှာ ငယ်ရွယ်စဉ် ရဟန်းဘဝက ပုံဖြစ်ပြီး နောက်တစ်ခု လက်ရှိအရွယ် ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၏ ဝိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် အန်တော်နီယို တာ့ဂလေး အား ပုပ်ရဟန်းမင်းကြီးရုံးတော်ဆိုင်ရာ ဇဝံဂေလိသတင်း ကောင်းပျံ့ပွါးရေးရုံးတော် ၏ ဥက္ကဋ္ဌ (Prefect of Propaganda Fide) အဖြစ် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မှ ခန့်အပ်

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာ၏ ဝိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် လူးဝစ် အန်တော်နီယို တာ့ဂလေး (Luis Antonio Tagle) အား ပုပ်ရဟန်းမင်းကြီးဆိုင်ရာရုံး တစ်ခုဖြစ်သော ဇဝံဂေလိသတင်းကောင်းပျံ့ပွါးရေးရုံးတော်၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်သည်။

ရဟန်းမင်းကြီး ဖရန်စစ် သည် ထိုင်းနိုင်ငံနှင့်ဂျပန်နိုင်ငံ သိုးထိန်းခရီးစဉ်မှ ပြန်ရောက်ပြီးနောက် မကြာမီ ဒီဇင်ဘာလ ၈ ရက်နေ့က ရဟန်းမင်းကြီးရုံးတော်မှ ဤကဲ့သို့ အလွန်မြင့်မားလှသည့် တာဝန်ကို အာရှ ကာဒီနယ်အား အပ်နှင်းကြောင်း ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်မှာ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အနေဖြင့် အာရှ တိုက်အပေါ် မည်မျှအလေးထား အာရုံစိုက်ကြောင်းပြသလိုက်ခြင်းပင်ဖြစ်သည်။

ကာဒီနယ် Tagle အား ၁၉၅၇ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဖွားမြင်ခဲ့ပြီး ဖခင်မှာ ဖိလစ်ပိုင်လူမျိုးဖြစ်ကာ မိခင်မှာ တရုတ်လူမျိုး ဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် ရဟန်းသိက္ခာ ခံယူခဲ့သည်။

အမေရိကန်နိုင်ငံတွင် ပညာ သင်ယူခဲ့သည့်အပြင် သီသြလော်ဂျီ ဒေါက်တာ ဘွဲ့အတွက် "ဒုတိယ ဗာတီကန် ကောင်စီ အလွန် ဆရာတော်ကြီးများ၏ ဆက်နွယ်ခြင်း ဆင့်ကဲပြောင်းလဲလာမှု" (The evolution of the notion of episcopal collegiality since the Second Vatican Council) ဟူသည့် ခေါင်းစဉ်ဖြင့် စာတန်းကိုလည်း ထိုနိုင်ငံတွင်ပင် ပြုစုတင်သွင်းကာ ဒေါက်တာဘွဲ့ ရယူခဲ့သည်။ ရောမ၌ ၇ နှစ်တာ စာပေများ ဆက်လက်ဆည်းပူးရင်း အပြည်ပြည်ဆိုင်ရာ သီသြလော်ဂျီကော်မစ်ရှင်တွင် ၁၉၉၇ ခုနှစ် မှစတင်ကာ ပါဝင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ ကာဒီတေနယ်ရှိ အီးမွတ်စ်မြို့ ကာသီဒြယ်တွင်၌ ကျောင်းထိုင် ဘုန်းတော်ကြီးအဖြစ် တာဝန် ထမ်းဆောင် နေရင်း ၂၀၀၁ ခုနှစ် (သက်တော် ၄၄ နှစ်အရွယ်) တွင် ဆရာတော်အဖြစ် ပုပ်ရဟန်းမင်းကြီး ရဟန္တာ ဂျွန်ပေါလ် ၂ မှခန့်အပ်ခဲ့သည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၃ ရက် နေ့တွင် မနီလာဂိုဏ်းချုပ်ဆရာတော်ကြီးအဖြစ် ပုပ်ရဟန်းမင်းကြီး ဘယ်နဒစ် ၁၆ မှခန့်အပ်ခဲ့ပြီး ၁၃ လအကြာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ရဟန်းအမတ် ကာဒီနယ်အဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။

ကာဒီနယ် တာ့ဂလေးသည် အပြည်ပြည်ဆိုင်ရာ ဂရုဏာအသင်း နှင့် ကက်သလစ် သမ္မာကျမ်းစာ အဖွဲ့ကြီး၏ ဥက္ကဋ္ဌ လည်းဖြစ်သည်။

သတင်းကောင်းပျံ့ပွါးရေး ရုံးတော်၏ ဥက္ကဋ္ဌအဖြစ် ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် တာဝန်များကို စတင်ထမ်းဆောင်ရမည် ဖြစ်သည်။

Ref: Vatican News

ဘာသာပြန် Sr Denis Ja Tawng, SJA

ရဟန်းအမတ် ကာဒီနယ် ချားစ်ဘိုဝ် တည်ခင်းသော ခရစ္စမတ်ရက်မြတ် စုပေါင်းဆုတောင်းခြင်း နှင့် မိတ်ဆုံစားပွဲသို့ ဗိုလ်ချုပ်မှူးကြီး မင်းဆောင်လှိုင် ကြွရောက် ချီးမြှင့်

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး ကျောင်းတိုက်၌ ကာဒီနယ် ချားလ်စ်ဘို တည်ခင်းကျင်းပသော ခရစ်တော်မွေးနေ့ အထိမ်းမှတ် စုပေါင်း ဆုတောင်းခြင်းနှင့် မိတ်ဆုံစားပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းဆောင်လှိုင် နှင့် အတူ ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာ ရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး တို့ တက်ရောက် ခဲ့ကြသည်။

အခမ်းအနားတွင် ကျောက်တန်းမြို့၊ စိန့်မေရီ ကျောင်းမှ ကက်သလစ်လူငယ်အဖွဲ့က ခရစ္စမတ် ကာရယ် သီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခရစ္စမတ် အထိမ်းအမှတ် ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ယင်းနောက် ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုက ခရစ္စမတ်သတင်းကောင်းစကား ပြောကြားခဲ့သည်။ (ကာဒီနယ်၏ သတင်းကောင်းစကား အပြည့်အစုံကို အောက်တွင် ဖော်ပြထားပါသည်)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခရစ္စမတ်နှတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့သည့် ခရစ်ယာန်ဘာသာဝင်များ၏ ထူးကဲကြီးမြတ်သောနေ့ တစ်နေ့ ဖြစ်သကဲ့သို့ တပ်မတော်ခေါင်းဆောင်များအနေဖြင့်လည်း ယခုကဲ့သို့ ခရစ္စမတ်ပွဲတော်ကို အတူတကွ ဆင်နွဲခြင်းသည် ပထမဦးဆုံးအကြိမ်ဖြစ်သည့်အတွက် သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ပါကြောင်း၊ ခရစ်ယာန်ဘာသာဝင်များ အလေးအမြတ်ထားသည့် ခရစ္စမတ်နေ့အချိန်ကာလတွင် ခရစ်ယာန်ဘာသာဝင်များ အားလုံး၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး မေတ္တာတရားဖြင့် ငြိမ်းချမ်းသာယာ ရှိကြပါစေကြောင်းဖြင့် ဆန္ဒပြုဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်ပြီး မိမိတို့ကမ္ဘာတွင် ကိုးကွယ်ရာဘာသာ အသီးသီးရှိကြပြီး ကိုးကွယ်မှု၊ ဆည်းကပ်မှုဆိုသည်မှာ ယုံကြည်မှု၊ လေးစားမှုနှင့် တန်ဖိုးထားမှုတို့ ပါဝင်ပါကြောင်း၊ ဘာသာတရားကို ကိုးကွယ်ဆည်းကပ်မှုသည် ပိုမိုလေးနက်မှုရှိပါကြောင်း၊ ယုံကြည်၊ လေးစား၊ တန်ဖိုးထားမှုများအပြင် ဘာသာတရား၏အဆုံးအမများကို လိုက်နာခြင်း၊ ကျင့်ကြံရမည်များကို ကျင့်ကြံခြင်းဆိုသည့် လက်တွေ့လုပ်ဆောင်မှုများ ပါဝင်မည် ဖြစ်ပါကြောင်း။

ဘာသာတရားတိုင်းသည် လူသားများအတွက် လောကီကောင်းကျိုး၊ လောကုတ္တရာ ကောင်းကျိုး၊ ငြိမ်းချမ်းမှုနှင့် မေတ္တာတရားများကိုသာ ညွှန်ပြနေသည်ကို တွေ့မြင်ရပါကြောင်း၊ ညွှန်ပြနေသည်များကို လူသားတိုင်းက မှန်မှန်ကန်ကန် လိုက်နာကြမည်ဆိုပါက မိမိတို့နေထိုင်သည့်ကမ္ဘာ၊ မိမိတို့နေထိုင်သည့်နိုင်ငံနှင့် လူအသိုက်အဝန်းသည် မေတ္တာနှင့်ယှဉ်သော နလုံးသား၊ နားလည်သည်းခံခွင့်လွှတ်သော စိတ်ထားများနှင့် ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ရပ်တည်နိုင်မည်မှာ ဇကန်မလွဲ ဖြစ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံတွင် ခရစ်ယာန်ဘာသာဝင် ၃.၂ သန်း ခန့်ရှိပြီး လူဦးရေ၏ ၆ ရာခိုင်နှုန်း ခန့် ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေအများစုကိုးကွယ်ရာ ဗုဒ္ဓဘာသာ နှင့်အတူ ခရစ်ယာန်၊ မွတ်ဆလင်၊ ဟိန္ဒူနှင့် အခြားဘာသာဝင်များသည် နှစ်ပေါင်း များစွာကတည်းက အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အမိနိုင်ငံတော် ကောင်းကျိုးကို ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ဘာသာတရား အသီးသီး၏ မွန်မြတ်သည့် အဆုံးအမများ အောက်တွင် ညီရင်းအကို၊ မောင်ရင်းနှမစိတ်ဓာတ် အစဉ်အလာကောင်းများနှင့် နေထိုင် လျက်ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ပုဒ်မ၃၆၂နှင့်၃၆၃တို့တွင် ဘာသာရေးလွတ်လပ်ခွင့်နှင့် ကူညီစောင့်ရှောက်မှုတို့အတွက် အာမခံပေးထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘာသာရေးကိုအသုံးချပြီး မိမိတို့ နိုင်ငံသူ၊ နိုင်ငံသား အချင်းချင်း စည်းလုံးမှုပြိုကွဲအောင် လုပ်ဆောင်နေမှုများကို မိမိတို့အားလုံး ဂရုပြုကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊

မိမိတို့ နိုင်ငံ၏ အဓိကလိုအပ်ချက်သည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးကို ဖော်ဆောင် နေကြသည့် ဘာသာတရားအားလုံးအနေဖြင့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး ဆိုသည့် အခွင့်အရေးကို နိုင်ငံသူ၊ နိုင်ငံသားအားလုံးရရှိအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်လက်ဆောင်ပေးအပ်ပြီး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကျောင်းတိုက်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ အလှူငွေ ကျပ်သိန်း ၅၀ အား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တက်ရောက်လာကြသူများအား ခရစ္စမတ်လက်ဆောင်များ ပေးအပ်ပြီး ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာ၊ လက်ထောက်ဆရာတော်ကြီး ဂျွန်စောယောဟန်က ခရစ္စမတ်ဆုမွန်ကောင်းစကားပြောကြားပြီး ဆုတောင်းမေတ္တာပို့သသည်။ ထိုင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများသည် ခရစ္စမတ် ဂုဏ်ပြုနေ့လည်စာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စိန့်မေရီကယ်သီဒြယ် ဘုရားရှိခိုးကျောင်းအတွင်းသို့ သွားရောက်လေ့လာကြည့်ရှုကြရာ ဂိုဏ်းချုပ် ဆရာတော်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြပြီး အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့အား တည်ခင်းကျင်းပသော ခရစ္စမတ်အထိမ်းအမှတ် စုပေါင်းဆုတောင်းခြင်း နှင့် မိတ်ဆုံစားပွဲတွင်ပြောကြားသော ကာဒီနယ် ချားလ်စ်ဘိုဇ၏ ခရစ္စမတ် သတင်းစကား

ခရစ်တော်ဘုရားရှင်ရဲ့ လူဇာတိပကတိနဲ့ မွေးဖွားလာခဲ့တဲ့၊ ထူးမြတ်လှတဲ့၊ ဤခရစ္စမတ်ပွဲတော်နေ့မှာ အတူတကွ စုပေါင်းဆုတောင်းခြင်းနှင့် မိတ်ဆုံစားပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် မိသားစုဝင်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ မွေးနေ့ရှင်ခရစ်တော်ဘုရား၏ ကောင်းကြီးမင်္ဂလာတော်နှင့် မွေးနေ့ရှင်ကိုယ်တိုင် ဤကမ္ဘာလောကထဲသို့ သယ်ဆောင်လာသောငြိမ်းချမ်းခြင်း၊ ငြိမ်သက်ခြင်း၊ ဗိုလ်ချုပ်မှူးကြီးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများအပေါ် သက်ရောက်ပါစေကြောင်း ရှေးဦးပထမ ကျွန်ုပ်ဆန္ဒပြု ဆုမွန်ကောင်း ပို့သလိုက်ပါတယ်။ ခရစ္စမတ်ပွဲတော်ဆိုတာ၊ ကျွန်ုပ်တို့ ခရစ်ယာန်များအတွက်သာမက၊ မကောင်းမှုအပြစ်နွံမှာ နစ်မွန်းနေကြတဲ့ မျှော်လင့်ချက်မဲ့ လောကလူသား အားလုံးအတွက်၊ အံ့မခမ်းဝမ်းမြောက်ဖွယ်၊ တန်ဖိုးမဖြတ်နိုင်တဲ့ နေ့ကြီးရက်ကြီး ဖြစ်ပါတယ်။ ဤကဲ့သို့ထူးမြတ်လှတဲ့ ခရစ္စမတ်ပွဲတော်အခမ်းအနားကို ဗိုလ်ချုပ်မှူးကြီးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် မိသားစုဝင်များအနေနဲ့ ကိုယ်တိုင်လာရောက်ပြီး မိသားစုစိတ်ဓါတ် အပြည့်အဝနဲ့၊ ဒီမှာရှိကြတဲ့ သားသမီးညီအစ်ကို မောင်နမများနဲ့အတူတကွ ကြောသားရင်သား မခွဲခြားဘဲ၊ တလုံးတဝတည်း ပါဝင်ကျင်းပပေးကြတဲ့ အတွက်လည်း ကျွန်ုပ်အနေနဲ့ အထူးနှစ်ထောင်းအားရ၊ ဝမ်းသာပီတိ ဖြစ်ရပါကြောင်းနဲ့၊ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိ ပါကြောင်း ပြောကြားလိုပါတယ်။

ခရစ္စမတ်ရဲ့အဓိကအနှစ်သာရက ဘာများဖြစ်မလဲလို့ စဉ်းစားလိုက်ရင်၊ အဖြေက ရိုးရိုး ရှင်းရှင်းလေး တွေ့ရမှာပါ။ လူသားတိုင်းအပေါ် ဘုရားရှင်ရဲ့ကြီးမားလှတဲ့ ချစ်ခြင်းမေတ္တာကိုဘဲ ခရစ္စမတ်ရဲ့အနှစ်သာရအဖြစ် ညွှန်ပြရမှာပါ။ သံယောဟန် ၃း ၁၆ မှာ "မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် ဤလောကကို ချစ်တော်မူ၏ ဆိုတဲ့ ကျမ်းစကားအတိုင်း မိမိရဲ့တစ်ပါးတည်းသောသားတော်ဖြစ်တဲ့ ခရစ်တော်ဘုရားကို ဒီကမ္ဘာလောကထဲကို စေလွှတ်ပြီး၊ အပြစ်မကောင်းမှုနွံမှာ နစ်မွန်းနေကြတဲ့ မျှော်လင့်ချက်မဲ့ လောကလူသားတွေကို ကယ်တင်စေခဲ့တယ်။ ကယ်ချွတ်စေခဲ့တယ်။ မကောင်းမှု၊ မတရားမှု၊ မေတ္တာကင်းမဲ့မှုအားလုံးရဲ့ ပင်မကြီးဖြစ်တဲ့ ရန်သူနတ်ဆိုးရဲ့လက်တွင်းကနေ လောကလူသားတွေကို ကယ်တင်တဲ့အခါ၊ ခရစ်တော်အသုံးပြုခဲ့တဲ့ တစ်ခုတည်းသောဗျူဟာ၊ အစွမ်းထက်ဆုံးလက်နက်က သူ့ရဲ့ကြီးမားတဲ့ ချစ်ခြင်းမေတ္တာဘဲဖြစ်တယ်။ ဒါကြောင့် ခရစ္စမတ်ရဲ့ အနှစ်သာရကို တနည်းပြောရရင်၊ လောကလူသားတွေကို ချစ်ခြင်းမေတ္တာပေးဝေဖို့၊ ချစ်ခြင်းမေတ္တာပြသဖို့၊ ဘုရားရှင် ကိုယ်တိုင် လူဇာတိကိုယူခဲ့ခြင်းဘဲဖြစ်တယ်။ ဒါကြောင့် ခရစ္စမတ်ပွဲတော်ကာလမှာ တစ်ဦးနဲ့တစ်ဦး Merry Christmas လို့ နှုတ်ဆက်ခြင်း ဟာ တစ်ဦးအပေါ်တစ်ဦး ချစ်ခင်ခြင်းမေတ္တာရှိခြင်းဆိုတဲ့ ခရစ္စမတ်ရဲ့အနှစ်သာရကို ဖော်ပြခြင်းဖြစ်ပါတယ်။ ချစ်ခြင်းမေတ္တာသည်သာလျှင် ညီအစ်ကိုအချင်းချင်းကြား နာကြည်းမှုများကို ကုသပေးနိုင်စွမ်းရှိပါတယ်။ ညီအစ်ကို အချင်းချင်းကြား သံသယကြီးထွားမှုတွေကိုလျော့ကျပြီး တစ်ဦးကတစ်ဦးအပေါ် ယုံကြည်မှုတိုးပွားစေနိုင် ပါတယ်။ ကြမ်းတမ်းခက်ထန်မှုများနေရာမှာ ငြိမ်းချမ်းခြင်းကိုအစားထိုးနိုင်စွမ်းရှိပါတယ်။ ချစ်ခြင်းမေတ္တာသည်သာလျှင် ပဋ္ဌိပက္ခအားလုံးရဲ့အရင်းအမြစ်ဖြစ်တဲ့ မတရား၊ မမျှတမှုများကို မြင်တွေ့နိုင်ပြီး ဖယ်ရှားနိုင်စွမ်းကို ပေးနိုင်ပါတယ်။ ချစ်ခြင်းမေတ္တာသည်သာလျှင် ညီအစ်ကိုများ၏ အမှန်တကယ်လိုအပ်ချက်တွေကိုမြင်တွေ့ပြီး ကူညီဖြည့်ဆည်းပေးနိုင်စွမ်းရှိပါတယ်။ အတိုချုပ်ပြောရရင်၊ သွေးချင်းညီအစ်ကိုအချင်းချင်းကြား၊ အပြန်အလှန် ချစ်ခြင်းမေတ္တာထားနိုင်မှသာ ကျွန်ုပ်တို့တစ်ဦးစီရဲ့

နလုံးသားထဲမှာ စစ်မှန်တဲ့ ငြိမ်းချမ်းခြင်းကို ရရှိပိုင်ဆိုင်နိုင်မှာဖြစ်တယ်။ တစ်ဦးစီတစ်ယောက်စီတိုင်း၊ အတွင်းနလုံးသားမှာ ငြိမ်းချမ်းမှုလည်း မိမိတို့ပတ်ဝန်းကျင် မိမိတို့ရဲ့နိုင်ငံ၊ မိမိတို့ရဲ့ကမ္ဘာကြီးမှာလိုအပ်နေတဲ့ ငြိမ်းချမ်းခြင်းကို အမှန်တကယ် ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းခြင်းနှင့်ပါတ်သက်လို့ ပုပ်ရဟန်းမင်းကြီး Francis အရှင်သူမြတ်က ၂၀၁၆ ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့မှာ လောကလူသားအားလုံးကို သတိပေးနှိုးဆော်တဲ့ အချက်လေးတစ်ချက်ကိုလည်း ပြန်လည်ဝေမျှလိုပါတယ်။ ပုပ်ရဟန်းမင်းကြီး မိန့်ဆိုခဲ့တာကတော့ "ကောင်းမြတ်တော်မူတဲ့ဘုရားရှင်ကိုယ်တိုင် ဒီကမ္ဘာလောကထဲ ငြိမ်းချမ်းရေးမျိုးစေ့တွေကို ကြဲချပေးခဲ့တယ်။ ဒီငြိမ်းချမ်းခြင်းမျိုးစေ့တွေ အပင်ပေါက်နိုင်ခွင့်ရရှိပြီး ဆက်လက်ရှင်သန်ကြီးထွားနိုင်ဖို့ အသီးအပွင့်များ ဝေဆာနေဖို့ ကျွန်ုပ်တို့တစ်ဦးစီက အင်တိုက်အားတိုက် စိုက်ပျိုးကြရမယ်။ ပြုစုကြရမယ်။ ကျွန်ုပ်တို့ လေးလေးနက်နက် သတိထားသင့်တဲ့အချက်တစ်ခုကတော့ ဒီနေ့ငြိမ်းချမ်းခြင်းရဲ့ အကြီးမားဆုံးရန်သူဟာ စစ်ပွဲတွေ၊ အကြမ်းဖက်မှုတွေ လောက်ပဲလို့ ယူဆလို့မရပါဘူး။ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ပြဿနာ၊ မမျှတမှု၊ ပဋ္ဌိပက္ခတွေကို ရေငုံနှုတ်ပိတ်လစ်လျူရှု ထားခြင်းဟာလည်း ငြိမ်းချမ်းခြင်းရဲ့ကြီးမားတဲ့ရန်သူဖြစ်တယ်" လို့ ထောက်ပြခဲ့ပါတယ်။

မြန်မာပြည်ရဲ့အခြေအနေတွေကို ကောင်းစွာနားလည် သဘောပေါက်ထားတဲ့ ပုပ်ရဟန်းမင်းကြီး Francis အရှင်သူမြတ်က ကျွန်ုပ်တို့နဲ့တွေ့တဲ့အချိန်၊ မြန်မာပြည်ကြီး ငြိမ်းချမ်းသာယာရေးအတွက် လူ့အခွင့်အရေးများကို ပိုမိုလေးစားတန်ဖိုးထားတဲ့၊ စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးတနေ့တခြား ပီပီပြင်ပြင် ဖြစ်တည်လာရေးအတွက်၊ လုပ်ဆောင်ကြရာမှာ ဗိုလ်ချုပ်မှူးကြီးထံမှလည်း သူအနေနဲ့ များစွာမျှော်လင့်ထားကြောင်း သူရဲ့မျှော်လင့်ချက်ကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောခဲ့ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်ဘို့ ဆိုတာကလဲ တကယ်တော့ လူသားတိုင်းအတွက် ဘုရားရှင်ကိုယ်တိုင် တာဝန်ပေးထားတဲ့ ဘုရားပေးတာဝန်တစ်ရပ်လည်းဖြစ်တယ်။ ခရစ္စမတ်စ်ပွဲရဲ့ မင်္ဂလာသတင်းစကားလည်း ဖြစ်ပါတယ်။

ခရစ်တော်ဘုရားရှင် ဒီကမ္ဘာလောကထဲ လူသားတစ်ယောက်အနေနဲ့ ကြွမြန်းလာတဲ့အခါ၊ ငြိမ်းချမ်းခြင်းသတင်းကောင်းကို သယ်ဆောင်လာခဲ့တယ်။ "မြေကြီးပေါ်၌ စိတ်ကောင်းနလုံးကောင်းရှိသူတို့အား ငြိမ်းသက်ခြင်းရှိစေသတည်း"။ ယနေ့ကမ္ဘာကြီးမှာ ငြိမ်းချမ်းရေး ဘယ်လောက် လိုအပ်သလဲ၊ အထူးသဖြင့် ကျွန်ုပ်တို့သွေးချင်းညီအစ်ကိုများ မှီတည်းနေထိုင်ကြတဲ့ မြန်မာပြည်ကြီးမှာ ငြိမ်းချမ်းခြင်း ဘယ်လောက် လိုအပ်နေသလဲ၊ ကျွန်ုပ်တို့ အသိဆုံးဖြစ်တယ်။ အကြမ်းဖက်မှုတွေ မကြာခဏတွေ့ကြုံနေရတယ်။ အဆုံးမသတ်နိုင်တဲ့ ပြည်တွင်းစစ်တွေ၊ ဒီစစ်ပွဲတွေရဲ့အကျိုးဆက်အဖြစ် ထွက်ပြေးတိမ်းရှောင်နေရတဲ့အပြစ်မဲ့ ပြည်သူဒုက္ခသည်တွေနဲ့ ပြည့်နှက်နေသေးတဲ့အခြေအနေတွေ၊ စတဲ့ အနိဋ္ဌာန်ရုံတွေနဲ့ တွေ့ကြုံခံစားနေရဆဲ ဖြစ်တယ်။ အချင်းချင်း မညီညွတ်မှုအပေါ်အခြေခံပြီး နိုင်ငံတကာအဖွဲ့ အစည်းအချို့ရဲ့ ထိုးနှက်မှု ဖိအားပေးမှုတွေလဲ ခံစားနေရဆဲ ဖြစ်တယ်။ ခရစ္စမတ်အချိန်က ကျွန်ုပ်တို့အားလုံးကို တစ်ဦး နှင့် တစ်ဦး မေတ္တာမျှဝေကြဖို့၊ သွေးစည်းညီညွတ်ကြဖို့၊ တရားမျှတမှုကို အလေးထားကြဖို့၊ ကွဲပြားမှုတွေရဲ့အကြောင်းအရင်းတွေကိုရှာဖွေပြီး၊ ရင်ကြားစေ့ရေး ကြိုးပမ်းကြဖို့ ဖိတ် ခေါ်နေပါတယ်။ ဤအချက်များကို ဖော်ဆောင်တဲ့အခါ၊ ဤ ယနေ့ထူးမြတ်လှတဲ့ ခရစ္စမတ်ပွဲတော်နေ့ရဲ့ မွေးနေ့ရှင် ခရစ်တော်ဘုရား သူ့ရဲ့အသက်တာအားဖြင့်၊ သူ့ရဲ့သွန်သင်ချက်များဖြင့် ကျွန်ုပ်တို့လူသားတိုင်းကို သင်ပြနေတာကတော့၊ ငြိမ်းချမ်းသောနည်းများဖြင့် ဖြေရှင်းကြမှသာလျှင် ခွင့်လွှတ် ခြင်းတရားကို လက်ကိုင်ထားနိုင်ကြမှသာလျှင်၊ မေတ္တာတရားနဲ့ ပြည့်ဝတဲ့ငြိမ်းချမ်းတဲ့လူဘောင်ကြီးကိုတည်ဆောက်နိုင်မယ် ဆိုတာကို ခရစ္စမတ်ပွဲတော်က မီးမောင်းထိုးပြနေပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်ုပ်ထပ်မံ ဆုတောင်းပေးချင်တာကတော့၊ ကျွန်ုပ်တို့ အလွန်ချစ်မြတ်နိုးတဲ့ ကျွန်ုပ်တို့ရဲ့ မြန်မာနိုင်ငံတော်ကြီး ဘုရားရှင်၏ ကောင်းကြီးမင်္ဂလာတော်နှင့်ပြည့်ဝပြီး ထာဝရတည်တံ့သော ငြိမ်းချမ်းခြင်း အမြန်ဆုံးတည်ဆောက်နိုင်ပါစေ။ ဤနိုင်ငံတော်ကြီးတွင် မှီတင်းနေထိုင်ကြသော သားသမီးတစ်ဦးစီတိုင်း ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာချမ်းသာပြီး၊ သားသမီးတိုင်းသည် သာယာဝပြောသော၊ ငြိမ်းချမ်းသော၊ ထွန်းလင်းတောက်ပသော မျှော်လင့်ချက်များ ပေးစွမ်းနိုင်သော ခေတ်သစ်မြန်မာပြည်ကြီး၏ သားသမီးရတနာများ ဖြစ်နိုင်ကြပါစေလို့ ခရစ္စမတ်ဆုတောင်းဖြင့် ထပ်လောင်း ဆန္ဒပြုလိုက်ပါတယ်။

နေပြည်တော်တွင် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း ပွဲတော်နှင့် မိတ်သဟာယ ညစာစားပွဲကို ခရစ်ယာန် ဝိုဏ်းပေါင်းစုံမှ တာဝန်ခံများ ဧည့်ခံ

ခရစ်ယာန်အသင်းတော်ပေါင်းစုံ အဖွဲ့ချုပ်ကြီးများ စုပေါင်းကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော် ချီးမွမ်းခြင်းပွဲတော်နှင့် မိတ်သဟာယ ညစာစားပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပခဲ့သည်။ တို့တက်ရောက်ကြသည်။

အခမ်းအနားသို့ ပြည်ထောင် စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီး ယူနှင့်ဇနီး ဒေါက်တာ ရွှေလွှမ်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီ ခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး ဒေါ်နန်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့ စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး ဒေါ်သိန်းယဉ်ချေ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည် ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည် ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည် ထောင်စုရာထူးဝန်အဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝိုဏ်းချုပ်ဆရာတော်ကြီးများ၊ သိက္ခာတော်ရဆရာတော်များ၊ ခရစ်ယာန် အသင်းတော်များမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူ များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်ဥက္ကဋ္ဌသိက္ခာတော်ရဒေါက်တာအေးမင်းက ပဏာမဆုတောင်းပေးသည်။

ထို့နောက် မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဒေါက်တာ မောရစ်လျံနာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရစ္စမတ်နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ် စတီဗင်သန်းမြင့်ဦးက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံသူနိုင်ငံသားများအတွက် မေတ္တာပို့ ဆုတောင်းပေးသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် သိက္ခာတော်ရ ဆရာဦးနိုနို၊ မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ သိက္ခာတော်ရ ဆရာဦးမျိုးဝင်းနှင့် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ဖါသာရ်လုကပ်စ် ဆွန်ဇာလျန်တို့က သမ္မာကျမ်းစာများကိုဖတ်ကြားကြသည်။

ယင်းနောက် ရန်ကုန်ကက်သလစ်ဝိုဏ်းချုပ်သာသနာမှ လက်ထောက်ဆရာတော်ကြီး ဆရာတော် ဂျွန်စောယောဟန်က ခရစ္စမတ်ဒေသနာကို ဟောကြားပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာ မန်းပါမာစတန်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများကိုယ်စား မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ဆရာတော် ဂျွန်မန်းဆိန်းဟ့ဗ် က ခရစ္စမတ်လက်ဆောင်ပေးအပ်သည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများအား ခရစ္စမတ်လက်ဆောင်ပေးအပ်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ ဒုတိယဥက္ကဋ္ဌ ဝိုဏ်းချုပ်ဆရာတော်ကြီး ဦးမြတ်ဆန်းက ကျေးဇူးတော် ချီးမွမ်းဆုတောင်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ``ယေရှုကြွလာတော်မူကျူး´´ ဓမ္မတေးသီချင်းကို သီဆို ချီးမွမ်းကြသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာ ဦးအောင်သက်ညွန့်၏ ကောင်းချီးပေးခြင်းအားဖြင့် အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မိတ်သဟာယညစာကို အတူတကွ သုံးဆောင်ကြသည်။

ရေနံသာမှ အနာကြီးရောဂါသည်များအား ခရစ္စမတ်အထိမ်းအမှတ် ဧည့်ခံကျွေးမွေးခြင်းနှင့် လက်ဆောင်များပေးဝေခြင်း

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၂၉) ရက်နေ့ နံနက်တွင် မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာ (၈၂-၂၅x၂၆) ကြားရှိ ရွှေနလုံးတော်ကက်သီဒြယ် ဘုရားကျောင်းဝင်း၌ ဆရာတော်ကြီးမာကုတင်ဝင်း ဦးဆောင်၍ ရေနံသာမှ အနာကြီးရောဂါသည် မိသားစုများအား ခရစ္စမတ်အထိမ်းအမှတ် ဧည့်ခံကျွေးမွေးခြင်းအလှူ၊ ငွေသားနှင့် လက် ဆောင်ပစ္စည်းပေးဝေခြင်းကို ပြုလုပ်ခဲ့ပါသည်။ Australia နိုင်ငံမှ အလှူရှင် မိသားစုများနှင့် ရွှေနလုံးတော်ကက်သီဒြယ် သာသနာအုပ်စုမှ အလှူရှင်မိသားစုအချို့တို့အတူတကွစုပေါင်း၍ နှစ်စဉ် ခရစ္စမတ် ကာလရောက်တိုင်း အနာကြီးရောဂါသည်များကို ယခုကဲ့သို့ ရွှေနလုံးတော် ဘုရားကျောင်းဝင်းအတွင်း၌ ဧည့်ခံကျွေးမွေး၍ လှူဒါန်းမှုများကို လုပ်ဆောင်လေ့ရှိပါသည်။

RVA-Myanmar

မော်လမြိုင် ခရစ်ယာန်အသင်းတော်များအဖွဲ့ချုပ်မှ ခရစ္စမတ် (Christmas) ဝတ်ပြုကိုးကွယ်ခြင်းနှင့် မိတ်ဆုံစားပွဲကျင်းပခြင်း

မော်လမြိုင်မြို့ ခရစ်ယာန်အသင်းတော်များအဖွဲ့ချုပ် ခရစ္စမတ် ဝတ်ပြုကိုးကွယ်ခြင်းနှင့် မိတ်ဆုံစားပွဲကို ၂၀၁၉ ခု ဒီဇင်ဘာလ (၁၃) ရက်နေ့ ညနေ ၅ နာရီတွင် ကက်သလစ် ဆရာတော်ကြီး ကျောင်းတိုက် မော်လမြိုင်မြို့၌ ကျင်းပခဲ့သည်။

အစီအစဉ်တွင် အခမ်းအနားမှူး အဖြစ် ဆရာဦးသန်းဝင်း (တေလဂူ) မှ ဆောင်ရွက်ပြီး ပဏာမ ကျမ်းစာတော်မြတ် (ယော ၃:၁၆၊ လု၊:၂၇-၁၄၊ မဿဲ ၁:၂၁) သားဦးကိုဖွားမြင်၍ အဝတ်နှင့် ရစ်ပတ်ပြီးမှ ဧည့်သည်တည်းရာ ဇရပ်၌ သူတို့နေစရာ မရှိသောကြောင့် သူငယ်ကိုနွားစားခွက်၌ သိပ်ထားလေ၏။ ကျမ်းချက်ကို ဖတ်ကြားထောက်ရှုခဲ့ပါသည်။ ထို့အပြင် ဗေသနိဇဝံ ဂေလိအသင်းတော် Rev. ဦးညွှန့်တင်မှ အဖွင့်ဆုတောင်းပေးခဲ့ပြီး Oh Come, all ye faithful ဓမ္မသီချင်းဖြင့် သီဆိုဂေါ်ကြပါသည်။

ထို့နောက် နာယက ဆရာတော် မော်လမြိုင် ကက်သလစ် ဂိုဏ်းအုပ်ဆရာတော်ကြီး ရေမွန်ပိုးရေ မှ နှတ် ခွန်းဆက်အမှာစကား ပြောကြားရာတွင် "သခင်ခရစ်တော် ဖွားမြင်ခြင်းသည် ကမ္ဘာ လူသားများကို အလင်းပေးရန်ဖြစ်ပြီး ဤ အလင်းတော်အားဖြင့် လုပ်ကိုင်ပြောဆိုပြုမူသမျှအားလုံးသည် ခရစ်တော်၏ အလင်းတော်ကို ဖေါ်ပြရန်နှင့် ဘုရားသခင်သည် မိမိ သားတော်ကို ကမ္ဘာလူသားအတွက် အကြွင်းမဲ့ ပေးဆပ်ခဲ့သည့်နည်းတူ ကျွန်ုပ်တို့ လူသားတွေသည်လည်း ခရစ်တော်၏ဆက် ကပ် ပေးဆက်ခြင်းကဲ့သို့ မိမိကိုယ်ကို အကြွင်းမဲ့ မိမိပတ်ဝန်းကျင်နှင့် လူသားများအပေါ် တစ်ကိုယ်ကောင်းမဆန် ကိုယ်ကျိုး မကြည့်ဘဲ ပေးဆပ်ရမည်ဖြစ်ကြောင်း၊ ဖန်ဆင်းရှင်ရဲ့ အလိုတော်နှင့် လက်ရာတော် အတိုင်း အစဉ်လှပ၊ ကောင်းမြတ် သဟဇာတ ရှိ၍ အစဉ်ဆန်းသစ် နိုင်ကြဖို့ရန်နှင့် ခရစ်တော် ရှင်ဖွားမြင်ခြင်းဖြင့် ကျွန်ုပ်တို့ မိမိကိုယ်ကို ပြန်လည်ထောက်ရှုစဉ်းစားကာ မိမိအသက်ရှင်သောအသက်တာကို ခရစ်တော်၏ ဘဝ အသက်တာနှင့် ပေါင်းစပ်ကာ အသက်ရှင်နေထိုင်သွားရန် သခင်ခရစ်တော် မိန့်မှာတော်မူသည့်အတိုင်း ငါသည်လမ်း၊ သမ္မာတရား၊ အသက်ဖြစ်သည် ဆိုသည့် လမ်းစဉ်အတိုင်း ဘုရားနှင့် လူသား၊ လူသား နှင့် ပတ်ဝန်းကျင်ကို သမ္မာတရားအလင်းတော်ကိုဖေါ်ပြ၍ တိုက်တွန်းနှိုးဆော်ကြပါစို့ ဟု မြွက်ကြားခဲ့ပါသည်။"

ထို့နောက် အသင်းတော်အသီးသီးမှ သမ္မာကျမ်းစာ ဖတ်ကြားဝေမျှခြင်း၊ ဓမ္မသီချင်းကျူး သီဆိုခြင်းများ ပြုလုပ်ခဲ့ကြပြီးနောက် နိုင်ငံတော်အကြီးအကဲများ ကိုယ်စားမွန်ပြည်နယ် သာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဝင်းထွန်းမှ အမှာစကားပြောကြားရာတွင် ဤကဲ့သို့ပြောကြားခွင့်ရရှိသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း ဒီနစ်ဒီခေတ်တွေမှာ မတူညီတဲ့ဘာသာတစ်ခုစီ၊ ကွဲပြားသော ဘာသာတစ်ခုဟာ အတူတကွခရီးလမ်းတစ်ခုလျှောက်တဲ့အခါ မတူညီတဲ့ တွေးခေါ်ယူဆမှုတွေကို ညှိနှိုင်းပြီး တွေးခေါ်ခြင်းဖြင့် တူညီသော လမ်းကြောင်း တစ်ခုအပေါ် သွားမှသာ ကျွန်ုပ်တို့ ငြိမ်းချမ်းသာယာတဲ့ ဘဝကို ရရှိမှာဖြစ်ကြောင်း ဒီကနေ့ ကျွန်ုပ်တို့ရှေ့ ဆက်လျှောက်တဲ့ခရီးမှာ မတူညီသောဘာသာဝင်များနှင့် တွေ့ဆုံကြရမည် ဖြစ် ကြောင်း ဒီမတူညီသော ဘာသာတရားတွေနဲ့ တယောက်နှင့်တယောက် တွေ့ဆုံညှိနှိုင်း ကြပြီး သည်းခံစိတ်၊ ခွင့်လွှတ်စိတ်၊ မေတ္တာတရားတွေနဲ့အတူ ကျွန်တော်တို့လိုချင်တဲ့ပန်းတိုင်ကို ချီတက်ကြပါစို့ဟု တိုက် တွန်းနှိုးဆော်ခဲ့ပါသည်။

ဤအခမ်းအနားတွင် ဧည့်သည်တော် ဗုဒ္ဓ၊ မွတ်ဆလင်နှင့် ဟိန္ဒူဘာသာဝင်ညီအစ်ကိုများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက် အားပေးခဲ့ကြပါသည်။ ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား အတွင်း ရေးမှူး ဦးကြည်ရှိန်မှ ကျေးဇူးတင်စကား ပြောကြားပြီးနောက် Joy To The World, The Lord has Come သီချင်းဖြင့်အပိတ်သီဆိုကာ ဖါသာရ ပီတာမျိုးလွင်မှ ကောင်းချီးပေးပြီး ညစာစားခြင်းဖြင့် အဆုံးသတ်ခဲ့ကြ ပါသည်။

MLM-OSC

ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့က နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တွင် ပြုလုပ်သော မိခင်ကြီး ခေါ်ခင် ကြည် ကွယ်လွန်ခြင်း နှစ်ပတ်လည် ဘာသာပေါင်းစုံ စုပေါင်းဆုတောင်းပွဲသို့ တက် ရောက်ကာ မုဒိတာ စကား ပြောကြား ပေးခဲ့ပါသည်။

ဘားအံဂိုဏ်းအုပ်သာသနာတည်ထောင်ခြင်း ၁၀ နှစ် ပြည့်၊ ဆရာတော်ကြီး ဂျက်စတင်း စောမင်းသိုက်၏ ဆရာတော် ဝါတော် (၁၂) ဝါ ပြည့် နှင့် စိန်ဖရန်စစ် ဇေးဗီးယားဆင်းထု ကောင်းကြီးပေးခြင်း ကို ကာဒီနယ်ချားစ်ဘို ဦးဆောင်၍ ဆရာတော် ဂျက်စတင်းစောမင်းသိုက်၊ ဆရာတော် ရေမွန်ဖိုးရေ၊ ဆရာတော် ဌေနိ်စောယောဟန်၊ ရဟန်းတော်များ၊ ယုံကြည်သူများနှင့်အတူ ကျေးဇူးတင်မစ္ဆားတရား ပူဇော်ခြင်း၊ ဂုဏ်ပြုနှုတ်ဆက်ခြင်း ပွဲတော်ကို ၂၀၁၉ ခု ဒီဇင်ဘာလ ၃ ရနေ့တွင် ဘားအံမြို့၌ ကျင်းပခဲ့ပါသည်။

CREDIT: RVA MYANMAR SERVICE

ခရစ္စမတ်ညမှ ကျွန်ုပ်တို့ရရှိတဲ့သတင်းစကားက လူတစ်ဦးတစ်ယောက်ဟာ ဘယ်လောက်ဆင်းရဲနေပါစေ၊ အပြစ်ရှိနေပါစေ သူ့ကို ဘုရားသခင် ပြည့်ပြည့်ဝဝ လုံးလုံးလျားလျား ချစ်တော်မူတယ်။

ဘက်သလေဟင် နွားစားခွက် မွေးဖွါးတော်မူတဲ့ သူငယ်တော်ယေဇူးလေးမှာ ဘုရားသခင်က သူ့ရဲ့ချစ်ခြင်းမေတ္တာကို ဖေါ်ပြပါတယ်။ အဲ့ဒီချစ်ခြင်းက ဘဝတွေကို ပြောင်းလဲပေးတယ်၊ သမိုင်းကို ဆန်းသစ်စေတယ်၊ မကောင်းမှုမှ ကယ်တင်ပေးတယ်၊ နှလုံးသားများကို ချစ်ခြင်း ငြိမ်းချမ်းခြင်းတို့နဲ့ ပြည့်ဝစေတယ်။

(ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ခရစ္စမတ်ည ဩဝါဒမှ)

ကလေး ဂိုဏ်းအုပ် ဆရာတော်ကြီး ဖဲလစ် လျှန်ခင်းထန်သည် ကလေးသာသနာပိုင် ဆရာတော်ကြီး ကျောင်းတိုက်တွင် ခရစ်စမတ်အကြို အထိမ်းအမှတ် ဗုဒ္ဓဘာသာ သံယာအပါး (၁၀၀) ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။ ယခုအကြိမ်သည် လေးကြိမ်မြောက် လှူဒါန်းခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၂၉) ရက်နေ့ နံနက်တွင် မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာ ရွှေနလုံးတော်ကက်သီဒြယ် ဘုရားကျောင်း ဝင်း၌ ဆရာတော်ကြီးမာကုတင်ဝင်း ဦး ဆောင်၍ ရေနံသာမှ အနာကြီးရောဂါသည် မိသားစုများအား ခရစ္စမတ်အထိမ်းအမှတ် ဇည့်ခံကျွေးမွေးခြင်းအလှူ။ ငွေသားနှင့် လက် ဆောင်ပစ္စည်းပေးဝေခြင်းကို ပြုလုပ်ခဲ့ပါသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်)

ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူ နိုင်ငံသား မိဘပြည်သူများခင်ဗျား -

၂၀၂၀ ပြည့်နှစ် နှစ်သစ်မင်္ဂလာအခါသမယမှာ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ ကြပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

မိမိတို့ နိုင်ငံတော်အစိုးရအနေနဲ့ ရေရှည်တည်တံ့ ခိုင်မြဲတဲ့ ငြိမ်းချမ်းသာယာဝပြောတိုးတက်မှုတွေနဲ့အတူ နိုင်ငံသူ နိုင်ငံသားများရဲ့ဘဝ သာယာချမ်းမြေ့ ပျော်ရွှင်အောင် ကောင်းမွန်တဲ့ရည်မှန်းချက်ပန်းတိုင်များနဲ့ လုပ်ငန်းစဉ်များကို ခိုင်ခိုင်မာမာချမှတ်ကာ ပြည်သူတို့ရဲ့စုပေါင်းအင်အားနှင့်အတူ ကြိုးပမ်းပုံဖော်နေပါတယ်။ တိုင်းရင်းသား ပြည်သူအားလုံး ကာလရှည်ကြာ မျှော်လင့်တောင့်တခဲ့ရတဲ့ တန်းတူအခွင့်အရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အာမခံချက် ပေးနိုင်မယ့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် မဆုတ်မနစ် ဆက်လက်အားထုတ်ကြိုးပမ်းလျက်ရှိပါတယ်။

ဒီကနေ့ နိုင်ငံတော်မှာ အကြောင်းကြောင်းကြောင့် တွေ့ကြုံရင်ဆိုင်နေရတဲ့ အခက်အခဲ အကျပ်အတည်းများ၊ စိန်ခေါ်မှုများကိုလည်း အမှန်တရား၊ တရားမျှတမှုနဲ့ ရိုးသားပွင့်လင်းမှုတို့ကို လက်ကိုင်ထားပြီး ဖြေရှင်းခြင်းအားဖြင့် အောင်မြင်စွာ ကျော်လွှား လွန်မြောက် နိုင်မယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့လုပ်ငန်းစဉ်များမှာ မိဘ ပြည်သူများအနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။

နှစ်သစ်အခါသမယမှာ မိဘပြည်သူများအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံနိုင်ကြပါစေ၊ နိုင်ငံတစ်ဝန်း မေတ္တာတရား လွှမ်းခြုံကာ ငြိမ်းချမ်း သာယာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ICJ တွင် မြန်မာပြည် တရားစွဲခံရ ခြင်းအပေါ် ကာဒီနယ်ချားလ်ဘိုဇ်၏ သဘောထား ထုတ်ပြန်ချက်

ရန်ကုန် - ဒီဇင်ဘာ ၁ ရက် ၂၀၁၉ ခု

မြန်မာနိုင်ငံသည် ဒေါ်ရာပေါင်းစုံဖြင့် ဆိုးဆိုးဝါးဝါး ထိခိုက်ပျက်စီးနေသောနိုင်ငံတစ်ခုဖြစ်ပြီး ပြန်လည် ကုစားခြင်းကို လွန်စွာ လိုအပ်နေလေသည်။ နိုင်ငံအတွင်း၌ နှစ်ပေါင်း(၇၀)အတွင်း ဖြစ်ပွား ခဲ့သော တိုင်းရင်းသား ပဋိပက္ခများ၊ အာဏာရှင်ဆန်သော အုပ်ချုပ်မှုနှင့် ဘာသာရေး၊ လူမျိုးရေးအစွန်းရောက်မှုများကြောင့် ကြောက်မက်ဖွယ် သွေးထွက်သံယိုမှု၊ သေကြေပျက်စီးမှု၊ ကျွန်ပြုမှု၊ မုဒိမ်းမှု၊ ထိခိုက်နာကျင်မှုတို့ဖြစ်ပွားခဲ့ကြသည်။ အမုန်းတရားနှင့် စစ်ပွဲများကြောင့် ရာထောင်ချီသော ပြည်သူပြည်သားများမှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးရသည်နှင့်အမျှ စီးပွားရေးလည်း ကျဆင်းကာ ပညာရေးမှာလည်း နိမ့်ကျခဲ့ရသည်။ မြန်မာပြည်ဖွား ညီအစ်ကိုမောင်နမ မျိုးဆက်များမှာလည်း အမိနိုင်ငံနှင့် နယ်မြေချင်း ယဉ်ကျေးမှုချင်း ကွာခြားသည့် အခြားသောအရပ်ဒေသများတွင် ကြီးပြင်းလာခဲ့ရသည်။

မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ ပြင်ပကမ္ဘာနှင့်ကင်းကွာခဲ့ရသည်။ လွန်ခဲ့သော (၇)နှစ်တာကာလတွင် မျှော်လင့်ချက်ရောင်ခြည်သစ်များ ထွက်ပေါ်လာခဲ့သော်လည်း အသစ် အသစ်သော ဖြစ်ရပ်ဆိုးများ၏လွှမ်းမိုးခြင်းကို ခံရပြန်သည်။

ယခုအချိန်သည် အမှန်တရား၊ တရားမျှတရေး၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုလုပ်ဆောင်ရမည့်အချိန်ဖြစ်ပေသည်။ ကျွန်ုပ်သည် သံယာတစ်ပါးသာဖြစ်ပြီး ရှေ့နေ မဟုတ်သကဲ့သို့ နိုင်ငံရေးသမားလည်း မဟုတ်ပေ။ ထို့ကြောင့် လက်ရှိရင်ဆိုင်နေရသည့် နိုင်ငံတကာ တရားရေးရာကိစ္စများကို သုံးသပ် ပြောဆိုမည်မဟုတ်ပါ။ သို့ရာတွင် ငြိမ်းချမ်းရေး ရရှိလိုပါက တရားမျှတရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် အမှန်တရားအား သိမှတ်လက်ခံရေးတို့ လိုအပ်ကြောင်းကိုမူ ကျွန်ုပ်ကောင်းစွာ သိရှိထားပါသည်။

ထို့ကြောင့် နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် သေနတ်များနှင့် သွေးထွက်သံယိုဖြစ်ပွားမှုများကို ဘေးဖယ်ထားကာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဆယ်စုနှစ်များစွာဖြစ်ပွားနေခဲ့သောပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းရန်၊ ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို အသစ်တစ်ဖန်ပြန်လည် စတင်လုပ်ဆောင်ကြရန် ယနေ့ ကျွန်ုပ် ပန်ကြား လိုပါသည်။

နိုင်ငံတကာ အသိုင်းအဝန်းအနေနှင့်လည်း တရားမျှတမှုကို ရှာဖွေရာ၌ မြန်မာ ပြည်သူပြည်သားတို့၏ ကောင်းကျိုးအတွက် ထည့်သွင်းစဉ်းစားစေလိုပါသည်။

အထူးသဖြင့် လူသားတို့အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် တာဝန်ရှိသူတို့အား ပြစ်မှုမြောက်ကြောင်း ဖော်ပြနိုင်ရန် ကြိုးပမ်းရာတွင် မရည်ရွယ်ဘဲ တာဝန်မရှိသူတို့အား အပြစ်ဖို့ခြင်း၊ မြန်မာပြည်သူ ပြည်သားတစ်ရပ်လုံးကို ခြုံ၍အပြစ်ဒဏ်ခတ်ခြင်းတို့မဖြစ်ပေါ်စေရန်၊ အဆင်းရဲဆုံးသောသူများအား ထိခိုက်စေမည့် နည်းလမ်းများကို ရှောင်ရှားကြရန် နိုင်ငံတကာ အသိုင်းအဝိုင်းကို ကျွန်ုပ် ပန်ကြားလိုပါသည်။ မြန်မာနိုင်ငံသည် လွန်ခဲ့သော (၇) နှစ်တာ ကာလအတွင်း ပြင်ပကမ္ဘာနှင့် ပြန်လည်ချိတ်ဆက် လုပ်ဆောင်ရန် ခက်ခက်ခဲခဲကြိုးပမ်းလာခဲ့ရပါသည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဆိုးရွားသော လူ့ အခွင့်အရေးချိုးဖောက်မှုများ၊ မတရားမှုများအတွက် တာဝန်ရှိသူတို့ကိုသာ ဦးတည်ဖော်ထုတ်ရန် ကြိုးပမ်းကြပါဟု ကျွန်ုပ်တိုက်တွန်းလိုပါသည်။

ကက်သလစ်သာသနာတော်သည် တရားမျှတမှုအတွက် ထုတ်ဖော်ပြောဆိုခြင်းကို လွန်စွာ အလေးထားပါသည်။ သမ္မာကျမ်းစာရှိ ပညာအလိမ္မာကျမ်း (၃၁း၈-၉)တွင် "ဆွံ့အသောသူများနှင့် ပစ်ပယ်ထားခြင်းခံရသူတို့၏ အခွင့်အရေးအတွက် သင်၏နှုတ်ကို ဖွင့်၍ ပြောဆိုပါလော့" ဟု ပြောဆိုဆုံးမထားပါသည်။ ကျွန်ုပ်၏ထုတ်ပြန်ချက် များတွင်လည်း ထိုကဲ့သို့ လုပ်ဆောင်နိုင်ရန် ကြိုးပမ်းလေ့ရှိပါသည်။ မကြာမီက ထုတ်ပြန်ခဲ့သော "အစွန်အဖျားဒေသမှ ထောက်ရှုဆင်ခြင်ချက်" တွင် မြန်မာအစိုးရ၊ စစ်တပ်၊ လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများအနေဖြင့် လိုက်နာအပ်သောစံတန်ဖိုးများကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ကက်သလစ်သာသနာတော်အနေဖြင့် တရားမျှတမှုနှင့် ငြိမ်းချမ်းရေး၊ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးတို့မှာ အတူတကွ လက်တွဲလျှောက်လှမ်းရမည့် အရာများအဖြစ် လက်ခံထားပါသည်။ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးလမ်းစဉ်ကို မြန်မာနိုင်ငံ လျှောက်လှမ်းရန်အတွက် နိုင်ငံတကာ၏ အကူအညီလိုအပ်ပါသည်။ ကျွန်ုပ်တို့အားလုံး အတူတကွလက်တွဲ၍ ငြိမ်းချမ်းရေးကို ရှာဖွေနိုင်ပါမည့်အကြောင်း ကျွန်ုပ်၏ နိုင်ငံနှင့် နိုင်ငံတကာ အသိုင်းအတွက် ကျွန်ုပ်ဆုတောင်းပါသည်။ ပြည်သူပြည်သားအားလုံး အကြောက်တရားမရှိဘဲ လူမျိုးတိုင်း ဘာသာတိုင်း တူညီသောနေရာ၊ တူညီသောအခွင့်အရေး၊ တူညီသောဂုဏ်သိက္ခာရရှိသည့် မြန်မာနိုင်ငံကို ကျွန်ုပ်တို့ တည်ဆောက်နိုင်ရန်အတွက် တတ်အားသရွေ့ ကျွန်ုပ် ကြိုးပမ်းလုပ်ဆောင်လိုပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးကို ငြိမ်းချမ်းရေးလမ်းစဉ်၌ လမ်းပြခေါ်ဆောင် တော်မူပါမည့်အကြောင်း ကျွန်ုပ် အလေးအနက်ထား၍ တောင်းဆုပြုပါသည်။

မယ်တော်ဂူ ဖွင့်ပွဲနှင့် St.William Hall ဖွင့်ပွဲအခမ်းအနားကျင်းပ

ကျိုင်းတုံကက်သလစ်သာသနာမှ သာသနာအုပ်စု တစ်ခုဖြစ်သည့် အထူးဒေသ (၄) အတွင်းရှိ ဘားချဲသာသနာအုပ်စု ဘားချဲရွာ၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၅) ရက်နေ့ ညနေ (၄) နာရီဝန်းကျင်ခန့်တွင် ဖွင့်လှစ်သော စိန့်ဗီလျံ ခန်းမဆောင် နှင့် မယ်တော် ဂူလိုဏ်အား ကောင်းကြီးပေး ဖွင့်လှစ် ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ် ချားလ်စ် ဘို၊ လက်ထောက် ဆရာတော် ဂျွန်စောယောဟန်၊ ကျိုင်းတုံဂိုဏ်းအုပ် ဆရာတော် ပီတာ လူးဝစ်၊ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေး ကော်မတီ အမြဲတမ်းကော်မတီ ဝင် သာသနာရေး ဦးစီးဌာန ဥက္ကဋ္ဌ ဦးစိုင်းတစ်၊ နမ့်ပန်းဒေသ အုပ်ချုပ်ရေး ကော်မတီ ဒေသ အုပ်ချုပ်ရေးမှူး ဦးအားဂျာနှင့် အဖွဲ့ သားများ၊ အာခါဝန်ကြီး ဦးအာဗေလ၊ ဒေသဆိုင်ရာ အကြီးအကဲများ၊ ကျောင်းထိုင်ဘုန်း တော်ကြီး ဖါသာရ်ကားလို အောင်ကိုလတ် နှင့် ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ကိုရင်ကြီးများ၊ လူကြီး သူမများနှင့် ရပ်နီးရပ်ဝေးမှ ဘာသာသူများ စုစုပေါင်း လူဦးရေ ၃၀၀၀ နီးပါး တက်ရောက်အား ပေးခဲ့သည်။

KYENGTUNG-OSC

လွိုင်မွေသာသနာအုပ်စုယယ်သို့ ယုံကြည်ခြင်းရောက်ရှိခြင်းနှစ်(၉၀)ပြည့်အခမ်းအနားကျင်းပ

ကျိုင်းတုံ ကက်သလစ်သာသနာ လွိုင်မွေသာသနာ အုပ်စုဝယ်သို့ ယုံကြည်ခြင်း ရောက်ရှိခြင်း နှစ်(၉၀)ပြည့် ပွဲတော် အဖွင့်နေ့ဖြစ်သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၇)ရက်နေ့ နံနက် ၉ နာရီတွင် မစ္စားတရား တော်မြတ်ပူဇော်ခဲ့ပါသည်။

မစ္စားတရား တော်မြတ်တွင် ပထမ ကိုယ်တော်မြတ်ခံယူ သူပေါင်း (၂၀၀) ကို ရန်ကုန်ကက်သလစ် သာသနာ လက်ထောက် ဆရာတော် ဂျွန် စောယောဟန်မှ ပေးခဲ့ပါသည်။ ထို့အတူ လက်ထပ် ထိမ်းမြားခြင်း စက္ကရမင်တူး ခံယူသော အတွဲ (၂၁) တွဲတို့အားလည်း ကောင်း ကြီးပေးခဲ့သည်။

နှစ်ပေါင်း (၉၀) ပြည့်ပြီဖြစ်သည့် ဂျူဘီလီပွဲတော်နှင့်အတူ ရဟန်းတော်များ အဆောင်နှင့် ဘော်ဒါဆောင် ဖွင့်လှစ်ပွဲကို လည်းပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းအမတ် Cardinal Charles Bo၊ ဆရာတော် John Saw ယောဟန်၊ ဆရာတော် Peter Louis Ca Ku၊ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်ကြီးများ၊ စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များ၊ ဒေသဆိုင်ရာလူကြီးများ၊ ရပ်နီးရပ်ဝေးမှ လူကြီးသူမများနှင့် အတူ ဓမ္မမိတ်ဆွေများနှင့် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။

ညဖျော်ဖြေရေး အစီအစဉ် တွင်လည်း နိုင်ငံကျော် အဆိုရှင်များဖြစ်သည့် ဂရေဟမ်၊ ပန်းရောင်ခြယ်၊ ကိုလီဂါ၊ ကိုထက်အောင်၊ တစ်ခြားသော အဆိုရှင်များမှ တေးသီ ချင်းများဖြင့်သီဆို ဖျော်ဖြေ ခဲ့ကြပါသည်။ ဒေသခံ ဘာသာဝင်များမှလည်း အကပဒေသာ တို့ဖြင့် လာရောက် ဖျော်ဖြေပေးခဲ့သည်။

ပွဲတော်အစီအစဉ်များကို ကံစမ်းမဲ ဖောက်ခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ တက်ရောက် လာသူ စုစုပေါင်းဦးရေ ၃၀၀၀ ကျော်ရှိ ကြောင်း သိရှိရသည်။

KYENGTUNG-OSC

ထာဝရဘုရားသည် သင့်ကို ကောင်းကြီးပေး၍ စောင့်မတော်မူပါစေသော်၊
ထာဝရဘုရားသည် သင်၌ မျက်နှာတော်အလင်းကို လွှတ်၍ ဂရုဏာ ကျေးဇူးပြုတော်မူပါစေသော်၊
ထာဝရဘုရားသည် သင့်ကိုမြှော်ကြည့်၍ ချမ်းသာပေးတော်မူပါစေသော်

ကာဒီနယ် ချားလ်စ်ဘိုး၏ ၂၀၁၉ - ခရစ္စမတ်သတင်းစကား

ကျွန်ပ်ချစ်လှစွာသောညီအစ်ကိုမောင်နမအပေါင်းတို့...

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ခရစ္စမတ်နေ့တွင် ဘုရားသခင်၏ ကြွယ်ဝတော်မူသော ကောင်းချီးတော်များ ခံစားကြ ရပါစေကြောင်း ဦးစွာပထမ ဆန္ဒပြုလိုက်ပါသည်။ ကျွန်ပ်နှင့်အတူရှိသော ပြည်သူ ပြည်သား အားလုံးအတွက်လည်း လာမည့်နှစ်သစ်သည် သတင်း ကောင်းများနှင့်ပြည့်သောနှစ် ဖြစ်ပါစေကြောင်း အထူးသတိရ ဆုတောင်းပေးလိုက်ပါသည်။ ခရစ်တော်သည် ခရစ္စမတ်၏ အသက် ဖြစ်သည်။ ကိုယ်တော်ဘုရားရှင်၏ သတင်းစကားတော်မှာ ခရစ္စမတ်၏ ကောင်းချီး မင်္ဂလာပင်ဖြစ်သည်။ အေးချမ်းလုပသောထိုညၭ် လူသားသည် ကျွန်ပ်ကဲ့သို့လူဇာတိအဖြစ်ကို ယူတော်မူ၍ နံချာလှသော နွားစားခွက်တွင် ဖွားမြင်ခြင်းခံတော်မူသောအခါ သိ ကြားတတန်တော်များက "စိတ်ကောင်းနလုံးကောင်းရှိသောသူအပေါင်းတို့ၭ် ငြိမ်းချမ်းရှိခြင်းရှိစေသတည်း" ဟု သံပြိုင် ကျူးအေးခဲ့ကြသည်။ ထို ခရစ္စမတ် သတင်းစကားမှာ အမှန် တကယ်ပင်ရိုးရှင်းလှပေသည်။

စိတ်ကောင်းနှလုံးကောင်းရှိသော အမျိုးသား၊ အမျိုးသမီးအားလုံးၭီ ငြိမ်းချမ်းခြင်းရှိစေသတည်း

ယခုအခါ မြန်မာနိုင်ငံသည် သမိုင်းကြောင်းတစ်လျှောက်တွင် ထူးခြားလှသော အလှည့်အပြောင်းသို့ ရောက်ရှိနေပြီး ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးရရှိရန် ကြိုးပမ်းလျက်ရှိသည်။ ထိုကြိုးပမ်းချက်အောင်မြင်ရန် ကျွန်ပ်တို့ တစ်နိုင်ငံလုံးသည် မိသားစု စိတ်ဓာတ်ဖြင့် ဘုရားရှင်ထံတော်ပါးၭ် တောင်းလျှောက်ကြပါသည်။ ခရစ်တော်သည် ဘုရားသခင်နှင့်လူသားတို့အကြား ဆက်နွယ်မှုကို ပြန်လည်တည် ဆောက်ရန် ကြွလာတော်မူခဲ့ကြောင်းကို သမ္မာကျမ်းစာတွင် တွေ့ရပါသည်။ ကိုယ်တော်ရှင်သည် နိမ့်ကျသော လူအဖြစ်ကို ယူတော်မူ၍ လူသားတို့၏ဘဝမှာ ပြည့်ဝစုံလင်လာခဲ့သည်။ ဆင်းရဲသားဘဝကို ကိုယ်တော်ရှင်ခံယူတော်မူခြင်း အားဖြင့် ပြန်လည်သင့်မြတ်ရန် ကြိုးပမ်းချက်မှာ အားကောင်းခဲ့သည်။ ကိုယ်တော်ရှင်သည် ခွန်အားကင်းမဲ့သော အဖြစ်ကို ခံယူတော်မူခဲ့သဖြင့် လူသားမျိုးနွယ်တစ်ခုလုံးမှာ စွမ်းအားပြည့်ဝလာခဲ့သည်။

မြန်မာနိုင်ငံသားဖြစ်သည့် ကျွန်ပ်တို့သည် မိသားစု စိတ်ဓာတ်ဖြင့် ကျွန်ပ်တို့၏လက်ကို ဆန့်တန်းၭ်နှလုံးသားၭ် မျှော်လင့်စိတ်ဖြင့် ဤမေတ္တာတစ်ပုဒ်ကို နှုတ်ဖြင့်ရွတ်ဆိုကြ ပါသည် ...

ငြိမ်းချမ်းရေးနှင့် ပြန်လည်ဆင့်ပြောခြင်းရောင်ခြည်သည် ကျွန်ုပ်တို့ရင်ခွေတေါ်တွင် ထွန်းလင်းပါစေ

မြန်မာနိုင်ငံမှ ကျွန်ပ်၏ညီအစ်ကိုမောင်နမတစ်ဦးစီတိုင်းသည် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ခြင်း သံတမန်ဖြစ် ပါစေကြောင်း ကျွန်ပ်ဆုတောင်းပါသည်။ နိုင်ငံများနှင့် နိုင်ငံတကာ အသိုင်း အဝိုင်းသည်လည်း မိမိတို့တတ်နိုင်သည့်အဝိုင်းဖြင့် ကူညီနိုင်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရာၭ် လူတိုင်းပါဝင်ကြရန် ခရစ္စမတ်က စိန်ခေါ်နေပါသည်။ တိတ်ဆိတ်လှသော ထိုညတွင် ငြိမ်းချမ်းရေးသတင်းစကားကို အာဏာပိုင်များ၊ ရှင်ဘုရင်များ၊ လူချမ်းသာများထံသို့ သွားရောက် ပြောကြားခဲ့ခြင်းမရှိပါ။ ထိုသတင်းစကားကို ကြားနာရသူတို့မှာ အာဏာမရှိသည့် ရိုးသားသော သိုးထိန်းများသာ ဖြစ်ကြသည်။ ပထမဆုံးခရစ္စမတ်ညတွင် ကြားခဲ့ရသောထို သတင်းစကားကို ယခုတစ်ဖန်ပြန်လည်ကြားနာကြပါစို့။ မြန်မာနိုင်ငံသားအပေါင်းတို့ ...။

ကျွန်ုပ်တို့တစ်ဦးစီဆည့် ငြိမ်းချမ်းရေး သံတမန်များ ဖြစ်ကြစေပါစေ

ခရစ်တော်သည် ဂျူးလူမျိုးတို့သမိုင်း၏ အခက်ခဲဆုံးအချိန်တွင် ကြွလာတော်မူခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်ရှင် ကြွမြန်းလာတော်မူခြင်းသည် ကုသခြင်းခံစားရသကဲ့သို့ပင်ဖြစ်သည်။ ဂျူးလူမျိုးတို့သည် မျိုးနွယ်စုအမျိုးမျိုး၊အုပ်ချုပ်သူအမျိုးမျိုးကို ပြန်လည်သင့်မြတ်စေတော်မူမည့် မေဆီယကယ်တင်ရှင်ကို စောင့်မျှော်နေကြခြင်းဖြစ်သည်။ ထိုကာလၭ် ၄င်းတို့သည် စစ်ဘေးဒဏ်နှင့် ဖိနှိပ်အုပ်ချုပ်မှုကို ခံစားနေကြရသည်။

မြန်မာနိုင်ငံသည်လည်း သမိုင်းကြောင်း အလှည့်အပြောင်းတစ်ခုကို ကြုံတွေ့နေရပြီဖြစ်သည်။ မြောက်များ လှစွာသော စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရသည်။ တိုင်းရင်းသား လူမျိုးများ အကြားတွင် မပြီးဆုံးနိုင်သောစစ်ပွဲများ၊ လူများ အစုလိုက် အပြုံလိုက် အိုးအိမ်စွန့်ခွာရခြင်း၊ လူငယ်များစွာ ပြည်ပထွက်ၭ် အလုပ်လုပ်ကိုင်ရခြင်း၊ ရာသီဥတု ဆိုးဝါးဖောက်ပြန်ခြင်းတို့ကြောင့် ပြန်လည် အေးချမ်းမှုကို လိုလား တောင့်တလျက်ရှိကြသည်။

ဘုရားသခင်သည် မြန်မာနိုင်ငံအပေါ် လွန်စွာရက်ရက်ရောရောပေးသနားတော်မူခဲ့ပြီးဖြစ်သည်။တိုင်းရင်းသားလူမျိုးတိုင်းတွင် ကျက်သရေနှင့်ပြည့်စုံသောသူများ၊သဘာဝ သယံဇာတများ၊ ဘာသာ သာသနာ ထွန်းကားခြင်းများ ရှိနေခဲ့သည်။ ထိုအရာများကို တစ်ပါးသူတို့ပင် အားကျလျက်ရှိကြသည်။ ဤနိုင်ငံသည်ဘုရားရှင် ကိုယ်တော်တိုင်နစ်သက် မြတ်နိုးတော်မူသော ရွှေနိုင်ငံပင်ဖြစ်ပေသည်။

ထိုကဲ့သို့ကောင်းကျိုးချမ်းသာများစွာရှိနေပါသော်လည်း ကမ္ဘာကမြန်မာနိုင်ငံကို သိသည့်ပုံစံမှာကွဲပြားနေလေသည်။ မြန်မာနိုင်ငံကို နိုင်ငံတကာတရားရုံးပင် တရားစွဲခဲ့ကြသည်။ ပြင်းထန်သော စကားလုံးများဖြင့် ဤနိုင်ငံကို တိုက်ခိုက်ခဲ့ကြသည်။ ခရစ္စမတ်သည် နောင်တရရန်နှင့် အကျင့်ပြောင်းလဲရန် နှိုးဆော်လျက်ရှိသည်။ ကျွန်ပ်တို့တွင် မုန်းတီးစိတ်ရှိပါက ထိုအကျင့်ကို ပြောင်းလဲရန်လိုအပ်သည်။ဘုရား သခင်ကိုလည်းကောင်း၊ လူသားအချင်းချင်းကိုလည်းကောင်း လွန်ကျူးမိသော အပြစ်အမှားများရှိပါက နောင်တရ ရန်လိုအပ်သည်။

မြန်မာနိုင်ငံမှလူများ ဒုက္ခ ခံစားနေရခြင်း အပေါ် ကမ္ဘာက စိုးရိမ်ပူပန်သည်ကို မြန်မာနိုင်ငံနားလည်ရန်လိုအပ်သည်။ ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းပြီး ပြဿနာ၏ သက်ရောက်မှုဒဏ် ခံစားရသောသူများ နေရပ်ပြန်နိုင်ရေးကို ၄င်းတို့ လိုလားကြသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာက မြန်မာနိုင်ငံကို ပိုမိုနားလည်ရန် လိုအပ်သည်။

နိုင်ငံတစ်ခုအနေဖြင့် မြန်မာနိုင်ငံသည် မိမိ၏လုံခြုံရေးအတွက် ပြုလုပ်အပ်သောအစီအမံများရှိသည်။ ကမ္ဘာ တစ်ဝန်းလုံးမှ နိုင်ငံများတွင် မိမိတို့၏လုံခြုံရေးအစီအမံ ကိုယ်စီရှိကြသည်။ ဤတိုင်းပြည်ၭ် ကြုံတွေ့နေရသော ဒီမိုကရေစီရှန်းကန်မှုကို ကမ္ဘာကနားလည်ရန်လိုအပ်သည်။စစ်မှန်သောဒီမိုကရေစီရရေးအတွက် ရှန်းကန် နေရသောဤ တိုင်းပြည်ကို နိုင်ငံတကာအသိုင်းအဝိုင်းက တွဲကူရန် လိုအပ်သည်။ ယခုအခါ မြန်မာနိုင်ငံတော်သစ်ကို ပြန်လည် အရေးယူရန် ကြိုးစားနေကြသည်။ ယင်းအတွက် ထိခိုက်ရသူတို့မှာ ပြည်သူများသာဖြစ်လေသည်။

ကမ္ဘာက မြန်မာနိုင်ငံသားတို့၏ ကောင်းကျိုးကို လိုလားသည်။ မြန်မာနိုင်ငံသားတို့ လျှောက်ခဲ့သောခရီးမှာ ရှည်လျားကြမ်းတမ်းသည်ကိုကမ္ဘာကသိသည်။ဤနိုင်ငံရှိလူတိုင်း၏စိတ်နလုံးတွင် ကြီးမားသောအိပ်မက် ကိုယ်စီရှိကြသည်။ ကမ္ဘာအသိုင်းအဝိုင်း အနေဖြင့် ထိုစိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်ပေးရန် လိုအပ်သည်။ ဘေးဒုက္ခ ဆိုးများကို မြန်မာနိုင်ငံသားတို့ မခံထမ်းလိုကြတော့ပါ။ ၄င်းတို့၏ စိတ်နလုံးတွင် စိတ်ကူးအိပ်မက်သစ်များ ရှိကြပါသည်။ ခရစ္စမတ်ဟူသည် ပိုမိုကောင်းမွန်သောအနာဂတ်ကို စိတ်ကူးပုံဖော်ခြင်းဖြစ်သည်။ ယခုအခါ ထိုစိတ်ကူးအိပ်မက်များကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နိုင်ကြပါစေ။

ယခုအချိန်အခါ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံအား ထိုးနှက်ချက်မှာ နိုင်ငံအတွက် ဆိုးကျိုးဖြစ်ပေါ် လာစေနိုင်သည်။ ထိုကဲ့သို့ဖြစ်လာပါက ပြောင်ချောနေသော ကျောက်ပေါ်တွင် စမ်းတဝါးဝါး လျှောက်နေရသကဲ့သို့ ဖြစ်လာပေလိမ့်မည်။ မြန်မာနိုင်ငံသားများအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက ပြုလုပ်ပေးသင့်သောအရာမှာ ပြစ်တင်ရှုတ်ချခြင်းမဟုတ်ဘဲ နားလည်မှုရှိခြင်း၊ အကြံပေးခြင်း၊ ဖေးမတွဲကူခြင်းများသာဖြစ်သည်။ သာမန်ပြည်သူလူထုကိုထည့် တွက်ခြင်းမရှိဘဲ ပိတ်ဆို့ အရေးယူမှုများ ပြုလုပ်ပါက မြန်မာပြည်သားတို့အပေါ် ကမ္ဘာက ထားသည့် စေတနာကို မှန်ကစွာ အဓိပ္ပာယ်ကောက်နိုင်လိမ့်မည်မဟုတ်ချေ။ ယင်းသည် ပင် ခရစ္စမတ်သတင်းစကားဖြစ်သည်။ မြန်မာနိုင်ငံသားများ၊ ၄င်းတို့၏ စိတ်ကူးအိပ်မက်များ၊ ၄င်းတို့ခံစားခဲ့ရသော ဒုက္ခများကို

နားလည်အောင် ကြိုးစားကြပါ။

တိုင်းပြည်ရှိ အုပ်ချုပ်သူများကလည်း နိုင်ငံတကာ အသိုင်းအဝိုင်း လက်တွဲလုပ်ဆောင်ရန် လိုအပ်သည်။ လူသည် ကျွန်းမဟုတ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံသည်လည်း တစ်ခုတည်းထီးထီးရပ်တည်နိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံအတွက် မဟာမိတ်နိုင်ငံများ ယခုထက်ပိုမိုများပြားဖို့ လိုအပ်သည်။ မြန်မာပြည်သူပြည်သားများ၏ ကောင်းကျိုးကို လိုလားသော နိုင်ငံများစွာ ရှိကြသည်။ တစ်ဦးချင်းစီပြောရမည် ဆိုပါကလည်း ကွယ်လွန်သွားပြီဖြစ်သော ကိုဖီအာနန်ကဲ့သို့ပုဂ္ဂိုလ်များလိုအပ်သည်။ ကိုဖီအာနန်သည် မြန်မာနိုင်ငံ၏ ပြဿနာကို အပြုသဘောဆောင်သော နည်းလမ်းဖြင့် ချဉ်းကပ်အဖြေရှာခဲ့သူဖြစ်သည်။ ၄င်း၏ အစီရင်ခံစာကို အခြေပြု၍ ပြန်လည်သင့်မြတ်ခြင်း၊ ယုံကြည်မှုပြန်လည် တည်ဆောက် ခြင်းတို့ကို လုပ်ဆောင်နိုင်သည်။ သူသည် ကျွန်ပ်တို့ နိုင်ငံအ တွက် ငြိမ်းချမ်းရေးသံတမန်တစ်ဦးပင်ဖြစ်ပေသည်။ ကျွန်ပ်တို့၏ တိုင်းပြည်တွင် နာကျင်ဖွယ်အဖြစ်အပျက်များ ဖြစ်ပွားခဲ့ ကြသည်။ ၄င်းတို့ကို ကျွန်ပ်တို့လက်ခံနိုင်စွမ်းရှိရမည်။ နိုင်ငံတကာအသိုင်းအဝိုင်းနှင့်လည်းကောင်း၊ ပြဿနာ၏သက် ရောက်မှုဒဏ်ခံခဲ့ရသောသူတို့နှင့်လည်းကောင်း ပြန်လည် ကျေအေးသင့်မြတ်နိုင်ရမည်။

ခရစ်တော်ဘုရားသည် ငြိမ်းချမ်းရေး၏အရှင်ဖြစ် တော်မူသည်။ သာမန်နွားစားခွက်ၭ် ကိုယ်တော်ဘုရားရှင်ဖွားမြင်တော်မူခြင်းမှာ မုန်းတီးမှုနှင့် ပဋိပက္ခတို့ဖြင့် အမှောင်ဖုံးနေသော ကမ္ဘာမြေအတွက် မျှော်လင့်ချက်ဖြစ်စေခဲ့သည်။ ကျွန်ပ်တို့သည် လည်း ထိုကဲ့သို့သောအခြေအနေမျိုးကို ကြုံ တွေ့နေရသည်။ ချောက်ချားဖွယ်အမှောင်ထု၏အလွန်တွင် တောက်ပသော အရုဏ်ဦး ရောက်လာစမြဲပင်။ မျှော်လင့်ချက် အသစ်နှင့် ပြန်လည်သင့်မြတ်ခြင်းတို့ မြန်မာနိုင်ငံၭ် ထွက် ပေါ်လာပါစေ။

အို ... ယေဇူးဘုရားသခင် ကြွလာတော်မူပါ။ ထာဝရတည်သော ငြိမ်းချမ်းရေးကောင်းချီးတော်ဖြင့် ဤတိုင်းပြည်ကို ကောင်းချီးပေးတော်မူပါ။ ကြီးမြတ်သောဤတိုင်းပြည်၏ နိုင်ငံသူနိုင်ငံသားတိုင်းသည် မျှော်လင့်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သာယာဝ ပြောခြင်းတို့ဖြင့် ပြည့်စုံသော မြန်မာနိုင်ငံတော်သစ် ဖြစ်လာမည်ဟု ယုံကြည်မှုထားပါ။

ငြိမ်းချမ်းရေးသည် ဖြစ်နိုင်ပါသည်။ ငြိမ်းချမ်းရေးသာ တစ်ခုတည်းသောလမ်းစဉ်ဖြစ်ပါသည်။

စိတ်ကောင်းနှလုံးကောင်းရှိသောသူတိုင်းၭီ ငြိမ်းချမ်းခြင်းရှိစေသတည်း။

ပျော်ရွှင်ဖွယ်ကောင်းသောခရစ္စမတ်နှင့် ကောင်းချီးမင်္ဂလာအပေါင်းခညောင်းသောနှစ်သစ်ဖြစ်ပါစေ။

ကာဒီနယ်ချားလ်စ်ဘိုး SDB

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်

ဆရာတော် ဂျွန်မန်းဆိန်းဟ့ဂ်၏ ၆၆ နှစ်ပြည့် မွေးနေ့နှင့် ဦးပဋ္ဌင်းသိက္ခာတင်ခြင်း အခမ်းအနားကျင်းပ

ဆရာတော် ဂျွန်မန်းဆိန်းဟ့ဂ်၏ ၆၆ နှစ်ပြည့် မွေးနေ့နှင့် ဦးပဋ္ဌင်းသိက္ခာတင်ခြင်း အခမ်းအနား " ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပုသိမ်ဂိုဏ်းအုပ်သာသနာ၌ ပုသိမ်ဆရာတော် ဂျွန်မန်းဆိန်းဟ့ဂ်၏ ၆၆ နှစ်ပြည့်မွေးနေ့နှင့် ကိုရင်နှစ်ပါးအားဦးပဋ္ဌင်းသိက္ခာတင်ခြင်း အခမ်းအနားကို ပုသိမ်မြို့ စိန်ပီတယ် ကာသီဒြယ်ဘုရားကျောင်းတွင် နံနက် ၇ နာရီ၌ ကျင်းပခဲ့ပါသည်။

ဆရာတော်ဘုရား၏ မွေးနေ့ အကြို ညနေ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၁၄) ၌ ဆရာတော်အား ဂုဏ်ပြုနှုတ်ဆက်ခြင်း အခမ်းအနားကို ညနေ ၇ နာရီတွင် တင်ဆက်ခဲ့ပါသည်။

ပုသိမ်ဂိုဏ်းအုပ်သာသနာ၌ ကိုရင်ကြီး Caesar Htoo Ko Ko နှင့် ကိုရင်ကြီး Robert Nyan Lin တို့သည် ပုသိမ် ဆရာတော်ဂျွန်မန်းဆိန်းဟ့ဂ် လက်တော်မှ ဦးပဋ္ဌင်းသိက္ခာကို ခံယူခဲ့ပါသည်။ ဤပွဲတော်၌ ပုသိမ်ဂိုဏ်းအုပ် သာသနာမှ ရဟန်းတော်များ၊ ဦးပဋ္ဌင်းများ၏ ဆွေမျိုးသားချင်းများ၊ ရပ်နီးရပ်ဝေးမှ ဘာသာတူများ တက်ရောက် ပါဝင်ဆုတောင်းပေးကြပါသည်။

OSC Pathein

ပုသိမ်ဂိုဏ်းအုပ်သာသနာ ဗဟိုသာသနာ အကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ပုသိမ်ဂိုဏ်းအုပ်သာသနာ ဗဟိုသာသနာအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နှင့် (၁၆) ရက်တို့တွင် ပုသိမ်မြို့ စိန်ပီတာ ကာသီဒြယ်ရှိ သာသနာ့ခန်းမဆောင်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးသို့ ပုသိမ်ဂိုဏ်းအုပ် သာသနာရှိဇုံ (၃) ဇုံမှ သာသနာအုပ်စု (၃၆) အုပ်စုမှ အကျိုးတော်ဆောင်များ (၁၂၈)ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေး ပထမနေ့တွင် Fr.ဟင်နရီနှင့် တာဝန်ခံဘုန်းတော်ကြီး ဖာသာရ ဂျီစဖတ်တို့က အမှာစကားပြောကြားပြီး သာသနာအုပ်စုအသီးသီးမှ အစီရင်ခံစာများတင်သွင်း ဖတ်ကြားခြင်း၊ ဇုံအလိုက်ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ပါသည်။

ဒုတိယနေ့ နံနက် (၈း၃၀) နာရီတွင် ဆရာတော် ဂျွန်မန်းဆိန်းဟ့ဂ်၏ သြဝါဒ ကိုနာယူပြီး ဖာသာရ အောင်ကျော်ဦး၏ ယုံကြည်ခြင်းသို့ ပုံသွင်းခြင်း ခေါင်းစဉ်ဖြင့် ဝေမျှပေးခြင်း၊ ပြင်ပပညာရှင်တစ်ဦးမှ မြန်မာနိုင်ငံရေး အခြေအနေနှင့် ကက်သလစ်သာသနာ ခေါင်းစဉ်ဖြင့်ဆွေးနွေးသွားပါသည်။

ညနေပိုင်းတွင် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်း ဆုံးဖြတ်အတည်ပြုခြင်းများကို ပြုလုပ်ပြီး အစည်းအဝေးကို ညနေ (၄)နာရီတွင် အဆုံးသတ်ခဲ့ပါသည်။

OSC Pathein

မွေးနေ့ပွဲတော်အကြို ကျင်းပခြင်း

ပုသိမ်မြို့ မဟာဗောဓိလမ်းရှိ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကက်သလစ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများမှ ခရစ္စမတ်ပွဲတော်အကြို အခမ်းအနားကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့ နံနက် (၁၀) နာရီတွင် ဝေဠုဝန်ခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားကို ဆရာမနန့်ကျင်အေးမှ အဖွင့်ဆုတောင်း မေတ္တာဖြင့် စတင်ပေးခြင်း၊ ခရစ်ယာန်သားငယ်၊ သမီးငယ်များမှ ခရစ္စမတ်တေးသံသာများဖြင့် ကြိုဆို သီဆိုဖျော်ဖြေပေးခြင်းနှင့် ဆရာကြီး ဦးစောဂျိမ်း(စ်)မှလည်း ခရစ္စမတ်၏ အဓိပ္ပါယ်ကို နက်နဲစွာ ဝေမျှပေးခဲ့ပါသည်။ ထို့နောက် ခရစ္စမတ်လက်ဆောင်များကို အပြန်အလှန်ပေးခဲ့ကြပြီး အခမ်းအနားကို မွန်းတည့် (၁၂) နာရီတွင် ရုပ်သိမ်းခဲ့ကြပါသည်။

ထို့အတူ ပုသိမ်မြို့ပေါ်ရှိ အမှတ် (၅) အထက အမှတ်(၆) အထက၊ အလက (၂) တို့မှလည်း မွေးနေ့တော် အကြိုအခမ်းအနားများ ကျင်းပခဲ့ကြောင်းသိရှိရပါသည်။

နန့်ဂျူလိုင်အေး(ပုသိမ်)

အပြည်ပြည်ဆိုင်ရာ စေတနာ့ဝန်ထမ်းများနေ့ကျင်းပ

"International Volunteer Day အပြည်ပြည်ဆိုင်ရာ စေတနာ့ဝန်ထမ်းများနေ့" အပြည်ပြည်ဆိုင်ရာ စေတနာ့ဝန်ထမ်းများနေ့ (International Volunteer Day) အခမ်းအနားကို ကရုဏာ၊ ပုသိမ်အဖွဲ့၏ ဦးဆောင်မှုဖြင့် မရမ်းချောင်း၊ ပုသိမ်မြို့ စိန်ဖရန်စစ်ဇေးဝီးယားခန်းမတွင် ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၁၉ နံနက် ၉ နာရီမှ ၁၂ နာရီ ထိအောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။ ဤအခမ်းအနားတွင် ပုသိမ်ဂိုဏ်းအုပ်သာသနာမှ အဖဆရာတော် ဂျွန်မန်းဆိန်းဟ့ဂ်နှင့် ရဟန်းတော်များ၊ သီလရှင်များ၊ စာရေးဆရာ ဦးညီမင်းညို၊ ဒေါက်တာ လှမြတ်သွေးနှင့် ဇရာဝတီတိုင်း ဒေသကြီးမှ အစိုးရအဖွဲ့၊ တိုင်းအဆင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆရာမ နော်သဝါး၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးသန်းစိုး၊ ပုသိမ်မြို့ပေါ်ရှိ အရပ်ဘက်ဆိုင်ရာ လူမှုရေးလုပ်ငန်းကို လုပ်ဆောင်နေသော ခေါင်းဆောင်များ ရပ်နီးရပ်ဝေးမှ စေတနာ့ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ ဤအခမ်းအနားတွင် အဖဆရာတော်ဘုရားမှ အားပေးစကား၊ ဒေါက်တာ လှမြတ်သွေးမှ အားပေးစကား၊ စာရေးဆရာ ဦးညီမင်းညိုမှ စေတနာ့အကြောင်း ဝေဂုဏ်ခဲ့ပြီး အခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် အဆုံးသတ်ခဲ့ပါသည်။

Photo. . OSC Pathein

ဟာသ်ဘတဇုံသာသနာပြု ကလေးသူငယ်သင်တန်း

ပုသိမ်ဂိုဏ်းအုပ်သာသနာ ဟာသ်ဘတဇုံ ဓမ္မီလူငယ်ဗဟိုကျောင်းစုဌ သာသနာပြုကလေးသူငယ် သင်တန်းကို ၂၀၁၉ ဒီဇင်ဘာလ ၂၇ မှ ၃၀ ထိ ၃ ရက်တာပြုလုပ်ခဲ့ပါသည်။ ဤသင်တန်းကို လူငယ်တာဝန်ခံ Fr Gilbert Sune Sune တို့အဖွဲ့မှ ဦးဆောင်ကာ စက်ဘူနိုင်ငံမှ Lay Canossian မှ ဆပ်ကပ်လူငယ်များ သင်တန်းတွင် ၃ ရက်တာ ပို့ချဝေဂုဏ်ခဲ့ကြပါသည်။

ပုသိမ်ဆရာတော် ဂျွန်မန်းဆိန်းဟ့ဂ်မှလည်း သက်ထွေးများအား ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် မစ္ဆာတရားဖြင့် ပူဇော်ခဲ့ပြီး သာသနာပြု ကလေးသူငယ်များအား အားပေးစကားပြောကြားခြင်း၊ သက်ထွေးများနှင့်အတူ နံနက်စာ သုံးဆောင်ခြင်းကိုပြုလုပ်ကြပါသည်။ သင်တန်း ကာလတွင်သာသနာအလိုက် အကပြိုင်ပွဲ၊ အဖွဲ့လိုက်သီချင်းဆိုပြိုင်ပွဲ၊ စွမ်းရည်ပြိုင်ပွဲများ၊ ဘုရားစကားသင်ကြားခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ဟာသ်ဘတဇုံ သာသနာပြုကလေးသူငယ် သင်တန်းသို့ တက်ရောက်ကြသော သာသနာအသီးသီးမှ သက်ထွေးများ ၄၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ဒီဇင်ဘာလ ၃၀ ရက် ညနေ ၇ နာရီတွင် သင်တန်းဆင်းပွဲကို ပြုလုပ်ကာ သာသနာပြုကလေးသူငယ် သင်တန်းကို အဆုံးသတ်ခဲ့ပါသည်။

OSC Pathein

မုဆိုးမ၏အလှူ

ပုသိမ်မြို့ ပုသိမ်မုံရွာရေဦးလမ်းမ လေဆိပ်ရှေ့ Shining star restaurant ပိုင်ရှင် ပုသိမ်စိန်ဖင်းဆင်းဒီပေါလ်အသင်း၏ နာယကဖြစ်သူ ဒေါ်မာမာလွင်သည် မုဆိုးမတစ်ဦးအနေဖြင့် ချိုးခြံချွေတာစုဆောင်းထားသော အလှူငွေကျပ်သိန်း (၃၀) အား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၄) ရက်နေ့၌ ပုသိမ်ဂိုဏ်းအုပ် သာသနာအဖဆရာတော် ဂျွန်မန်းဆိန်းဟ့ဂ်အား သွားရောက်လှူဒါန်းခဲ့ပါသည်။

နန့်ဂျူလိုင်အေး(ပုသိမ်)

စိန်ဖင်းဆင်းဒီပေါလ် အသင်း၏လှုပ်ရှားဆောင်ရွက်မှု

ပုသိမ်သာသနာ ပုသိမ်မြို့ စိန်ဖင်းဆင်းဒီပေါလ်အသင်း နာယက ဒေါ်မာလာလွင် ဦးဆောင်၍ အသင်းဝင်များသည် ပုသိမ်မြို့ပေါ်ရှိ နာမကျန်းဖြစ်နေသူများ၊ နာတာရှည်ရောဂါ ခံစား နေရသူများ ထံသို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၇) ရက်နေ့၌ သွားရောက်၍ ကြည့်ရှုအားပေးခြင်း၊ ဆုတောင်းခြင်းနှင့် အလှူငွေများ၊ အာဟာရအစားအစာများဖြင့် လှူဒါန်းမှု ပြုခဲ့ကြပါသည်။

နန့်ဂျူလိုင်အေး(ပုသိမ်)

တောင်ဥဂိုဏ်းအုပ်သာသနာ ရဟန်းတော်များနှစ်ပတ်လည် ဝတ်စောင့်ခြင်းနှင့်အစည်းအဝေး

တောင်ဥ ဂိုဏ်းအုပ်သာသနာ အတွင်းရှိရဟန်းတော်များ နှစ်ပတ်လည် ဝတ်စောင့်ခြင်းနှင့် အစည်းအဝေးကြီးကို (၂၆.၁၁.၂၀၁၉ မှ ၆.၁၂.၂၀၁၉) အထိ တောင်ဥမြို့ကက်သလစ်ဆရာတော်ကျောင်းတိုက်၌ ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။ ၎င်းဝတ်စောင့်ခြင်းကို ဒိုမိနီကန်အသင်းဂိုဏ်းမှ Rev. Fr.Anthony Vincent မှ တရားရေအေး တိုက်ကျွေးပေးပြီး၊ အစည်းအဝေးကြီးကို ဂိုဏ်းအုပ်ဆရာတော် အိုက်ဇက်ဓာနနှင့် ရဟန်းတော်များတို့မှ ဆက်လက်ပြီး ပြုလုပ်ကာ စုပေါင်းမဆွေးတရားတော်မြတ်၌ ဆီသုံးမျိုးကောင်းချီးပေးခဲ့ပါသည်။ ရဟန်းတော်များ (၆၃) ပါး ပါဝင်ခဲ့ကြပါသည်။

ဒက်ဇူးမယ် (I.S.R)

တောင်ဥဂိုဏ်းအုပ်သာသနာ၊ ကက်သလစ်လူငယ်များဝတ်စောင့်ခြင်းနှင့် ၂၀၂၀ လူငယ်များနှစ်ဖွင့်ပွဲ

တောင်ဥဂိုဏ်းအုပ်သာသနာ ၂၀၁၉ ဖွင့်ပွဲအခမ်းအနား Christmas gathering နှင့် ဝတ်စောင့်ခြင်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၁၃-၁၅) အထိ လိပ်သိုကက်သလစ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ၎င်းဖွင့်ပွဲကို ဂိုဏ်းအုပ်ဆရာတော်ကြီး အိုက်ဇက်ဓာနမှ ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ မစ္ဆာတရားတော်မြတ်ကို ရဟန်းတော် (၄) ပါးနှင့်အတူ တင်ပူဇော်ပေးခဲ့ပါသည်။ ၎င်းဝတ်စောင့်ခြင်းကို Rev. Fr. ရီးချက်အားခိုမှ တရားရေအေး တိုက်ကျွေးပေးပြီး လူငယ်တာဝန်ခံ Rev.Fr.ဂျွန် ဦမ်းမင်းသူ၊ လိပ်သိုကျောင်းထိုင် Rev. Fr. Daniel အာခိုးမှ အားပေးအမှာစကား မြွက်ကြားပေးခဲ့ပါသည်။ ပါဝင်တက်ရောက်သူ (၈၆) ဦး ရှိပါသည်။

ဒက်ဇူးမယ် (I.S.R)

လိပ်သိုတိုက်နယ်အတွက် ဂိုဏ်းအုပ်ဆရာတော်ကြီးအိုက်ဇက်ဓာနသိုးထိန်းခရီးစဉ်

တောင်ဥဂိုဏ်းအုပ်သာသနာ၊ဆရာတော် အိုက်ဇက်ဓာနဏ၏ လိပ်သိုတိုက်နယ်အတွက်သိုးထိန်းခရီးစဉ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၁၅-၂၀) အထိ လွှက်အင်းရွာသစ်အုပ်စု၊ မစအောက်ကျေးရွာအုပ်စုနှင့် မစအလယ်ရွာအုပ်စု တို့ကိုခရီးပြုခဲ့ပါသည်။ ၎င်းခရီးစဉ်၌ဝတ်ပြုခြင်းနှင့်ဆရာတော်ကြီး အားဂုဏ်ပြုခြင်းအခမ်းအနားတွင် လူများစွာ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဒက်ဇူးမယ် (I.S.R)

တောင်ဥမြို့အကျဉ်းထောင်သို့ SSVP အဖွဲ့ မှခရစ္စမတ် အကြိုသွားရောက်ဆုတောင်းလှူဒါန်း

တောင်ဥဂိုဏ်းအုပ်သာသနာ ၊ 'ကူညီရှိင်းပင်း မြန်မာဖောင်ဒေးရှင်း' စိန်ဗင်းဆင်းဒီပေါလ်အသင်းမှ တောင်ဥမြို့အကျဉ်းထောင်သို့ ခရစ္စမတ်အကြို သွားရောက်ဆုတောင်းခြင်း၊ လက်ဆောင်ပေးအပ်ခြင်းနှင့် ဝန်ထမ်းများ၊ အကျဉ်းထောင်ရှိ လူဦးရေ (၁၅၀၀) အတွက်နံနက်စာကျွေးမွေးလှူဒါန်းခြင်း ကို (၂၃.၁၂..၂၀၁၉) နေ့တွင် ရဟန်းတော် (၃)ပါး၊ သီလရှင်တစ်ပါးနှင့် အသင်းဝင် (၄၀)ဦး တို့ပါဝင်ခဲ့ပါသည်။ ၎င်းအစီအစဉ်ကို SSVP ဝိညာဉ်လမ်းညွှန် Rev.Fr. အူဘားနိုအားတစ်မှ ဆုတောင်းမေတ္တာ ဦးဆောင်ပေးကာ၊ လိပ်သိုကျောင်းထိုင် Rev. Fr.Daniel အာခိုးမှ အားပေးအမှာစကား မြွက်ကြားခြင်း၊ Rev.Fr.ဝီလျံထူးမှ ဇဝံဂေလိသတင်းကောင်းဝေမျှပေးခြင်း၊Sr.ဘက်နက် ဒက်မြတ်နင်းနွယ်မှ အော်ဂင်သီချင်း ဦးဆောင်ပေးပြီး ဘာသာတူများ အာပတ်ဖြေကာ ကိုယ်တော်မြတ် ပင့်ယူခဲ့ကြပါသည်။ ၎င်းနောက် နံနက်စာ ကျွေးမွေးပေးခဲ့ကြပါသည်။ ဒက်ဇူးမယ် (I.S.R)

ဘာသာပေါင်းစုံ ခရစ္စမတ်အကြို မိတ်ဆုံစားပွဲနှင့် သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနား မန္တလေးကက်သလစ်သာသနာတွင် ပြုလုပ်

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ(၁၄) ရက်နေ့ နံနက်ပိုင်းက စိန်ကိုလန်ဘန်သီလ ရှင်များဦးစီးသည့် ဘာသာပေါင်းစုံ အမျိုးသမီးအဖွဲ့မှ ဦးဆောင်၍ ဘာသာပေါင်းစုံ ခရစ္စမတ်အကြိုပွဲတော်နှင့် သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားတစ်ခုကို လုပ်ဆောင်ခဲ့ပါသည်။

အခမ်းအနားသို့ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ခရစ်ယာန်ဘာသာ၊ဟိန္ဒူဘာသာနှင့် ဘဟာအီ ဘာသာတို့မှ ဘာသာရေးခေါင်းဆောင်ကြီးများနှင့် ဖိတ်ကြားထားသော ကိုယ်စားလှယ်များပါဝင်ခဲ့ပါသည်။

ရွှေနလုံးတော်ကျောင်းဝင်းအတွင်း နံနက်စာကို အတူတကွ သုံးဆောင်ခဲ့ကြပြီးနောက် သစ်ပင်စိုက်ပျိုးခြင်းကို လုပ်ဆောင်ခဲ့ကြပါသည်။

သစ်ပင်များအား ရွှေနလုံးတော်ကျောင်းဝင်းအတွင်း၊ ရွှေကျီးမြင်ဘုရား အတွင်း၊ စရီးအမိဘီကာမယ်တော်ကြီးဘုရားကျောင်းအတွင်းနှင့် ကျောင်းဗလီအတွင်းများသို့ အတူတကွလမ်းလျှောက်သွားကြ၍ တစ်နေရာလျှင် သစ်ပင်နှစ်ပင်စီ စိုက်ပျိုးခဲ့ကြပါသည်။

ၦင်းသစ်ပင်တို့မှာ တပြည်ပူရပင်နှင့် Peace Lili ပင်တို့ဖြစ်ပါသည်။

ဘာသာပေါင်းစုံ ခရစ္စမတ်အကြိုပွဲတော်ကို နှစ်စဉ်ကျင်းပလေ့ရှိပါသည်။ သို့သော် ယခုနှစ်တွင် သစ်ပင်စိုက်ပျိုးခြင်းကို ထည့်ရခြင်း ရည်ရွယ်ချက်သည် ကမ္ဘာပေါ်တွင် နေထိုင်ကြသော လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံမှ လူသားများအားလုံးသည် ကမ္ဘာမြေကြီး တစ်ခုတည်းပေါ်တွင် အတူတကွ နေထိုင်၍ တစ်ခုတည်းသောလေကို သာအတူတကွ ရှူရှိုက် ကြရတာဖြစ်ကြောင်း၊ သစ်ပင်များဟာ အောက်စီဂျင်ကို ထုတ်လွှတ်ပေးကြတဲ့အတွက် သစ်ပင်စိုက်ရန်ရွေးချယ်ခဲ့ရခြင်းဖြစ်ပြီး ၎င်းသစ်ပင်များကို အတူတကွစိုက်ပျိုး၍ အတူတကွပြုစုပျိုးထောင်ကြရင် ဘာသာတရားများ အချင်းချင်းလည်း မကောင်းမှုကိုရှောင်၍ ကောင်းမှုများကို အတူတကွစည်းလုံးညီညွတ်စွာဖြင့် လက်တွဲ လုပ်ဆောင်ကြမည်ဆိုသည့် ရည်ရွယ်ချက်များဖြင့် သစ်ပင်စိုက်ပျိုးသည့် အစီအစဉ်ကို ထည့်သွင်းခဲ့ခြင်းဖြစ်တယ်လို့ သိရှိရပါသည်။

Pinky MDY - OSC

ပထမကိုယ်တော်မြတ်နှင့် ခရစ္စမားအားပေးခြင်းမင်္ဂလာခံယူခြင်း

သန့်ရှင်းသောမယ်တော်မာရိယာ ပွဲနေ့နှင့်အတူ ကလေးသူငယ် (၇၀) ဦး ပထမ ကိုယ်တော်မြတ်နှင့် ခရစ္စမားအားပေးခြင်း မင်္ဂလာခံယူခြင်း အခမ်းအနားကို ၂၀ ၂၀ ခုနှစ် ဇန္နဝါရီလ (၁) ရက်နေ့ နံနက် (၉) နာရီ အချိန်တွင် စိန်ဂျိုးဇက်ဗဟိုဘုရားကျောင်း၌ ဂိုဏ်းချုပ်ဆရာတော်ကြီး Basilio Athai ဦးဆောင်ပြီး မစ္ဆားတရား ပူဇော်ပါသည်။

မစ္ဆားတရားတွင် ဘုန်းတော်ကြီးများအသင်းဂိုဏ်းအသီးသီးမှ သီလရှင်များ ဘာသာဝင်များပါဝင်ပူဇော်ကြပါသည်။

ဂိုဏ်းချုပ်ဆရာတော်ကြီးမှ တရားဒေသနာဟောကြားအပြီးတွင် ကလေးသူငယ်များအား ခရစ္စမားအားပေးခြင်းမင်္ဂလာပေးပါသည်။

မစ္ဆားအပြီးတွင် အောက်မေ့ဘွယ်လေးထပ်တိုက် ဓမ္မာရုံ၌ ဘာသာဝင်များ အတူတစ်ကွ နေ့လည်စာ မိတ်ဆုံစားကြပါသည်။

တောင်ကြီးကက်သလစ်သာသနာ၊ ကလောတိုက်နယ်တွင်လည်း ခရစ္စမားအားပေးခြင်း ခံယူကြသော ကလေးသူငယ်များအတွက် မစ္ဆားတရားတော်မြတ်ကို ဆရာတော် ဘာဆီးလျိုအားသိုက်မှ ဦးဆောင်ပူဇော်ပါသည်။

ခရစ္စမားအားပေးခြင်း ခံယူကြသော ကလောတိုက်နယ်ရှိ ကလေးသူငယ်များမှာ စုစုပေါင်း (၃၁) ဦးဖြစ်ပါသည်။

Tgi-Osc

ဘုရားဖြူမသန်စွမ်းနှင့်လူငယ်ဖွံ့ဖြိုးရေးဂေ ဟာတွင် ခရစ္စမတ်နှင့် အကြိုနှစ်သစ်ကူးမိတ်ဆုံစားပွဲကျင်းပခြင်း

ဘုရားဖြူမသန်စွမ်းနှင့် လူငယ်ဖွံ့ဖြိုးရေးဂေဟာတွင် ခရစ္စမတ်နှင့် အကြိုနှစ်သစ်ကူးမိတ်ဆုံစားပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၃၀) ရက်နေ့ (၁၁း၃၀) နာရီတွင် မိတ်ဆုံစားပွဲကျင်းပရာ ပြည်နယ်အစိုးရမှ ဝန်ကြီးများနှင့် ဌာနဆိုင်ရာလူကြီးမင်းများ တက်ရောက်ကြပါသည်။

အခမ်းအနားမှူးအဖြစ် Sr. Julia မှ ဆောင်ရွက်ပြီး ဒေါ်ဇက်စည်စည်မှ အဖွင့်ဆုတောင်းမေတ္တာ ဆုတောင်းပေးခြင်းဖြင့် အစပြုပါသည်။

မိဘမဲ့ကလေးသူငယ်များက ခရစ္စမတ်တေးသီချင်းဖြင့် သီဆိုကြိုဆိုပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကလေးသူငယ်များအား လက်ဆောင်ပေးခြင်းအခမ်းအနားပြုလုပ်ရာ ခရစ္စမတ် လက်ဆောင်ပစ္စည်းများနှင့် အလှူငွေများကို ပြည်နယ်အစိုးရဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းရွှေမြင့်ကပေးအပ်ပါသည်။

စားသောက်ဖွယ်ရာ များအတွက် ဖာသာရ်လာဘန်က ဆုတောင်း ဆက်ကပ်ပေးပါသည်။

ဂေဟာတာဝန်ခံ စစ္စတာရ် ကလဲ ရာညိုမှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မိဘမဲ့ဂေဟာ၏ရာဇဝင်အကျဉ်းကို ဖြည့်စွက်ပြောကြားသွားပါသည်။

မိတ်ဆုံစားပွဲ သုံးဆောင်နေကြစဉ် မိဘမဲ့ ကလေးသူငယ်များက အကပဒေသာနှင့် ခရစ္စမတ်တေးသီချင်းများကို သီဆိုဇည့်ခံကာ မိတ်ဆုံစားပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

Sai-Sheng

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဝိုဏ်းအုပ်ဆရာတော်ကြီး ဖဲလစ် လျန်းခင်းထန် ၏ ၂၀၁၉ ခုနှစ် ခရစ္စမတ် သတင်းစကား

"မြေကြီးပေါ်၌ ငြိမ်းချမ်းခြင်း ရှိစေသတည်း" (Pacem In Terris)

၁။ မြေကြီးပေါ်၌ ငြိမ်းချမ်းခြင်း ရှိစေသတည်း။ Pacem In Terris (ရှင်လုကာ ၂း၁၄) ဤမင်္ဂလာစကားသည် ကောင်းကင်တမန်တော်များ၏ သတင်းစကားဖြစ်သည်။ ဘုရားသားတော် ဤလောကသို့ ဆင်းကြွလာတော်မူ၍ လူ့အဖြစ်ယူတော်မူကြောင်းကို ကြေငြာဟောပြောခြင်းသည် ဤလောကဌ ငြိမ်းချမ်းခြင်း နိုင်ငံတော်တည်ထောင်မည့် ငြိမ်းချမ်းခြင်းဘုရင် ကြွရောက် တည်ရှိနေတော်မူပြီ ဖြစ်ကြောင်းကို ကြေငြာဟောပြောခြင်းပင်ဖြစ်သည်။ ထိုဘုရင် ၏နိုင်ငံတော်သည် ငြိမ်းချမ်းခြင်းနှင့်ပြည့်ဝ၍ နိစ္စအမြဲတည် လိမ့်မည်(ဟေရာယ ၉း၆-၇) ဖြစ်သည်။ ဘုရား၏အုပ်စိုးခြင်း၊ ဘုရားဘုန်းတော်ဂုဏ်တော်၏လွှမ်းခြုံခြင်း၊ ဘုရားနှင့်အတူတည်ရှိခြင်း၊ ဘုရားနှင့်အတူ အသက်ရှင်ခြင်းသည် ငြိမ်းချမ်းခြင်းပင်ဖြစ်သည်။ ဘုရားသားတော် ဤလောကသို့ ဆင်းကြွလာတော်မူခြင်းမှာ လောကလူသားတို့အား "ငြိမ်းချမ်းခြင်းလမ်းစဉ်" ကို ဖော်ဆောင် ညွှန်ပြပေးတော်မူရန် ဖြစ်ပါသည် (ရှင်လုကာ ၁း၇၉)။ ဒါဝိဒ်မင်းကြီး ဆာတော်တောင့်တခဲ့သော ဘက်သလေဟင်မြို့ရှိ ရေတွင်းမှ ထွက်သော စမ်းရေကြည်မှာ(၃-ဓမ္မရာဇဝင် ၂၃း၁၅)၊ ထိုမြို့၌ ဖွားမြင်ခြင်းခံတော် မူသော သခင်ယေဇူးထံတော်မှ ထွက်ပေါ်လာသော ငြိမ်းချမ်းခြင်းကိုရည်ညွှန်းသည်။ သခင်ယေဇူးအားဖြင့် "ငြိမ်းချမ်းခြင်း" သည် မြစ်ရေကဲ့သို့စီးဆင်းလာသောအခါ(ဟေရာယ ၄၈း၁၈)၊ "ဖြောင့်မတ်ခြင်းတရားနှင့် ငြိမ်းချမ်းခြင်းတို့သည် အချင်းချင်းနမ်းကြလိမ့်မည် (ဆာလံကျမ်း ၈၅း၁၀) အမှန်ပင်ဖြစ်သည်။

၂။ ဘုရားသားတော်ဖြစ်ပါလျက်နှင့် ဆင်းရဲနုံချာစွာမွေးဖွားရခြင်း၊ နွားစားခွက်ထဲ၌ သိပ်ထားခံရခြင်းစသော ဖြစ်ရပ်များက ငြိမ်းချမ်းခြင်းကို ချက်ချင်းဖော်ဆောင်နိုင်ခဲ့သည်တော့ မဟုတ်ပါ။ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆင်းရဲဒုက္ခမျိုးစုံခံထမ်းလျက်လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံကာ သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူခြင်းအားဖြင့် ဘုရားသားတော်သည် ငြိမ်းချမ်းခြင်းလမ်းစဉ်ကို ဖော်ဆောင်ညွှန်ပြ တော်မူခဲ့ရပေသည်။ ရှင်ပြန်တော်မူပြီးနောက် ထင်ရှားပြတော်မူ၍ သင်တို့၌ ငြိမ်းချမ်းခြင်းရှိပါစေဟု တပည့်တော်ကြီးတို့အား ပြည့်စုံကြွယ်ဝသော ငြိမ်းချမ်းခြင်း (ရှင်ယောဟန် ၂၀း၁၉) ကို ပေးတော်မူခဲ့သည့် သခင်ယေဇူးသည်။

"ငြိမ်းချမ်းခြင်းအတွက် ကြိုးပမ်းဆောင်ရွက်သော သူတို့သည် မင်္ဂလာရှိကြ၏" (ရှင်မာတေဩး ၅း၉) ဟု ကိုယ်တော့ တရားတော်ကို သွန်သင်တော်မူ၍ ဆန္ဒရှိရုံမျှဖြင့် ငြိမ်းချမ်းခြင်းရုပ်လုံးဖော်ဆောင်နိုင်မည် မဟုတ်ကြောင်း ထင်ရှားစေတော်မူသည်။ ငြိမ်းချမ်းခြင်းဆုလာဘ်သည် အမြင့်မြတ်ဆုံး သောဆုလာဘ်ဖြစ်သဖြင့် ထိုက်သင့်သော အဖိုးအခကို မဖြစ်မနေ ဦးစွာပေးဆပ်ခြင်း ဖြင့်သာ ဖော်ဆောင် ပိုင်ဆိုင်နိုင်မည်ဖြစ်သည်ဟူသော ငြိမ်းချမ်းခြင်းလမ်းစဉ်ကို သခင်ယေဇူးသည် မိမိဘဝအသက်တာဖြင့် ညွှန်ပြတော်မူသည်။ ဘုရားအဖြစ်တော်မှတပါး ဘုန်းစည်းစိမ်ခပ်သိမ်းကို စွန့်တော်မူသည်သာမက နိမ့်ညံ့သော လူ့ဇာတိကိုခံယူလျက် အစေခံကျွန်တစ်ဦးကဲ့သို့ အသက်ရှင်ကျင့် ကြံတော်မူခြင်း အားဖြင့်လည်းကောင်း (ဖိလိပိ ၂း၆-၇)၊ လက်ဝါးကပ်တိုင်ပေါ်တွင် သွေးတော်သွန်း၍ အသက်တော်စွန့်ခြင်းအားဖြင့် ရန်လိုမုန်းတီးခြင်းဟူသမျှကို ချေဖျက်အဆုံးသတ်ကာ ဘုရားသခင်နှင့် လူတို့ကို ပြန်လည်သင့်မြတ်ပေါင်းစည်းစေခြင်းအားဖြင့်လည်းကောင်း (ဧဖက် ၂း၁၆)၊ ဘုရားနှင့်လူ၊ လူနှင့်လူအပြင် ဘဝကိုယ်စီ၌လည်း ငြိမ်းချမ်းခြင်းရှိရန် ဆောင်ရွက်တော်မူခဲ့သည်။ ထို့ကြောင့် သမ္မာကျမ်းစာက "ငြိမ်းချမ်းခြင်းကို လိုလားသော သူတို့သည် မင်္ဂလာရှိကြ၏" ဟုမဆိုဘဲ၊ "ငြိမ်းချမ်းခြင်း အတွက် ကြိုးပမ်းဆောင်ရွက်သော သူတို့သည် မင်္ဂလာရှိကြ၏" ဟု ဆိုခြင်းဖြစ်ပေသည်။

၃။ "ငြိမ်းချမ်းခြင်းအတွက် ကြိုးပမ်းဆောင်ရွက်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား သူတို့သည် ဘုရားသခင်၏သားများဟု အခေါ်ခံကြရလိမ့်မည်" (ရှင်မာတေဩး ၅း၉)။ သားတော်ယေဇူးဘုရား လူ့ဇာတိခံယူတော်မူသည့် မင်္ဂလာအခါသမယဖြစ်သော ခရစ္စမတ်ပွဲတော်ကြီးကိုကျင်းပရန် နှစ်စဉ်နှစ်တိုင်း ကျွန်ုပ်တို့သည် ဝမ်းမြောက်ဝမ်းသာစွာ ပြင်ဆင်စောင့်မျှော်လေ့ရှိကြပေသည်။ ဘုရားသားတော်သည် မည်သည့်အတွက်နှင့် မည်သည့်အရာကို ဆောင်ရွက်ရန် လူ့ဇာတိကို ခံယူတော်မူခဲ့ပါသနည်း၊ ကျွန်ုပ်တို့သည် မည်သည့်အတွက်ကြောင့် သားတော်ဘုရား၏ လူ့ဇာတိခံယူတော်မူခြင်းပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပနေကြပါသနည်းဟူသော အမေးကို ဘုရားသခင်နှင့် လူတို့ကြား၌ ငြိမ်းချမ်းခြင်း တည်ဆောက်ရန်နှင့် လူသားအားလုံး ငြိမ်းချမ်းခြင်းရရှိခံစားနိုင်ရန် ဘုရားသားတော်သည်ဤလောကလူ့အဖြစ်ကိုယူတော်မူခဲ့သောကြောင့်ဖြစ်သည်ဟုဖြေရမည်ဖြစ်ပါသည်။ "အကြောင်းမူကား၊ ငါတို့အဖို့ သူငယ်တော်ကို ဖွားမြင်၏။ ငါတို့အား သားကို ပေးသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်း အာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်းသက်ခြင်းအရှင်ဟု ခေါ်ဝေါ် သမုတ်ခြင်းကို ခံတော်မူလိမ့်မည်" (ဟေရာယ ၉း၆) ဟူသောဗျာဒိတ်တော်အတိုင်း ကျွန်ုပ်တို့၏ ငြိမ်းချမ်းခြင်းအတွက် ဘုရားသခင်ပေးသနားတော်မူသော သားတော်မှာ "သူငယ်တော်ယေဇူးလေး" ပင်ဖြစ်လေသည်။

၄။ မိမိတို့အပြစ်ကြောင့် ငြိမ်းချမ်းခြင်းမရှိ ရှက်ကြောက်စွာ ပုန်းအောင်းနေကြသော အာဒမ်နှင့်ဧဝတို့အား သားရေဖြင့် ပြုလုပ်သောဝတ်လုံကို ဝတ်ဆြုံစေတော်မူခဲ့သော ဘုရားသခင်သည် (ကမ္ဘာဦးကျမ်း ၃း၂၀) မိမိ သားတော်အား လူ့ဇာတိကို ခံယူစေတော်မူခြင်းအားဖြင့် လောကသားတို့ကို အပြစ်၏ဝန်ထုပ်ဝန်ပိုးမှ ဖြေ လွှတ်ပေးတော်မူ၍ ငြိမ်းချမ်းခြင်းရရှိစေတော်မူသည်။ လူ့အဖြစ်ယူတော်မူသော ထိုသားတော်၌ ဆည်းကပ်ယုံကြည်သူ ကျွန်ုပ်တို့သည် ထိုသားတော်အားဖြင့် "ငြိမ်းချမ်းခြင်းရှိသူများ" နှင့် "ငြိမ်းချမ်းခြင်း ဖော်ဆောင်သူများ"ဖြစ်လာနိုင်ကြရန်အတွက် ဘုရားသခင်သည် ထိုသားတော်၏ သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့အထဲ၌ မှုတ်သွင်းပေးတော်မူ၍ ကျွန်ုပ်တို့အား "ဘုရား၏သားသမီးများ" ဖြစ်ရသောအခွင့်ကို လည်းကောင်း၊ ကျွန်ုပ်တို့သည် ထိုသားတော် နှင့်အတူ ဘုရားသခင်ကို "အဗ္ဗ၊ အဖ"ဟု (ရောမ ၈း၁၅) ခေါ်ဆိုနိုင် သောအခွင့်ကျေးဇူးကို လည်းကောင်း ပေးသနားတော်မူသည်။ ဂျူးဒေးယပြည်၊ ဘက်သလဟင်မြို့၌ အပျိုကညာမာရိယာ၏ဝမ်းတော်မှ မွေးဖွားလာသော သူငယ်တော်ယေဇူး၊ ငြိမ်းချမ်းခြင်းဘုရင်သည်မိမိ၏ငြိမ်းချမ်းခြင်းလမ်းစဉ်တော်ကိုမြို့ငယ်လေးတစ်မြို့၌စတင်ဖော်ဆောင်ခဲ့ကြောင်း(ရှင်မာတေဩး ၂း၅-၆) နှင့်၊ ထို "ငြိမ်းချမ်းခြင်းလမ်းစဉ်" ဖော်ဆောင်ခြင်းအမှုသည် "ချစ်ခြင်းစားပွဲတော်" မှ စတင်ပေါက်ဖွားလာခဲ့ခြင်းဖြစ်ကြောင်းကို နွားစားခွက်ထဲ၌ သိပ်ထားခြင်းခံရသည့် သူငယ်တော်ယေဇူး၏ ဖြစ်ရပ်မှန်က ဖော်ကျူးထင်ရှားစေပါသည် (ရှင်လုကာ ၂း၇)။ သခင်ယေဇူး ဘက်သလေ ဟင်မြို့နွားစားခွက်ထဲ၌ အစပြုခဲ့သော ငြိမ်းချမ်းခြင်း ဖော်ဆောင်ခြင်း အမှုတော်သည် နောက်ဆုံးညစာစားပွဲ၌ တပည့်တော်ကြီးတို့၏ ခြေကိုဆေးတော်မူ ခြင်းနှင့် မိမိ၏ ကိုယ်ခန္ဓာတော်ကို ထိုစားပွဲတော်၌ ချစ်ခြင်းမေတ္တာအစာ (Agape) အဖြစ် အတူတကွပါဝင်သုံး ဆောင်ကြရန် အပ်နှံတော်မူခြင်း၌ ပြည့်ဝစုံလင်စွာ ပြီးမြောက်လာခဲ့ပါသည် (ရှင်ယောဟန် ၁၃း၁-၂၀)။

၅။ ယေဇူးသခင်၏ လူ့ဇာတိခံယူတော်မူခြင်းကို အောက်မေ့သတိရလျက် ငြိမ်းချမ်းခြင်းလက်တွေ့ဖော်ဆောင်ရေး၌ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရား၏သား သမီးများဖြစ်ကြောင်း ကို အသစ်တစ်ဖန် ပေါ်လွင်ထင်ရှားစေကြရပါမည်။ ဘုရား၏သားသမီးများဖြစ်သော ကျွန်ုပ်တို့သည် ငြိမ်းချမ်းခြင်းကို လိုလားတောင့်တနေသူများ သာမဟုတ်ဘဲ၊ ငြိမ်းချမ်းခြင်းကို လက်တွေ့ဖော်ဆောင်သူများနှင့် ငြိမ်းချမ်းခြင်းလမ်းစဉ်ကို အမှန်တကယ်လျှောက်လှမ်းနေသူများဖြစ်ကြရန် ဘုရားသခင် အလိုရှိတော်မူသည်။ ငြိမ်းချမ်းခြင်းဖော်ဆောင်ခြင်းကြောင့် မိမိဂုဏ်အရှိန်အဝါများ လက်လွတ် ဆုံးရှုံးသွားနိုင်ပါသည်။ မိမိဥစ္စာပစ္စည်းကို စတေးရနိုင်ပါသည်။ အများ၏ကဲ့ရဲ့မုန်းတီးခြင်း၊ နားလည်လွဲမှားခြင်း၊ အထင်အမြင်သေးခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ ဖယ်ကျဉ်ခြင်းနှင့် လှောင်ပြောင်ခြင်းကို ခံရနိုင်ပါသည်။ သခင်ယေဇူးသည် ဘုရားနှင့်လူ၊ လူနှင့်လူငြိမ်းချမ်းစေရေးအတွက် ဒုက္ခမျက်ရည်အ သွယ်သွယ်နှင့် သွေးချွေးမြောက်များစွာကို ရင်းနှီး သွန်းလောင်းခဲ့ရပါသည်။ ရက်စက်စွာအသေသတ်မည့် တိုင်းတစ်ပါးသားတို့၏လက်သို့ မိမိလူမျိုးကပင် အသနားမဲ့အပ်နှံသည်ကို ခံခဲ့ရပါသည်။ ငြိမ်းချမ်းခြင်းကို ဖော်ဆောင်ခြင်းကြောင့် နာကျင်

တောင်ကြီး ဂိုဏ်းချုပ်ဆရာတော်ကြီး ဘာဆီးလျို အားသိုက် ၏ ၂၀၁၉ ခုနှစ် ခရစ္စမတ် နှုတ်ခွန်းဆက်စာလွှာ

ခရစ္စမတ်ပွဲတော် ကာလတွင် ခရစ်တော်၌ ချစ်ခင်ရပါသော ညီအစ်ကို မောင်နှမအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်စွာ ရှိနေကြပါစေကြောင်း ရှေးဦးပထမ မေတ္တာပို့သအပ်ပါသည်။

ခရစ္စမတ်ပွဲတော်ကြီးကို ကမ္ဘာနှင့်အဝှမ်း ကျင်းပနေချိန်တွင် အေးအတူ ပူအမျှ မောင်နှမစိတ်ဓါတ်ဖြင့် ပါဝင်ဆင်နွှဲနေကြသည်ကို မြင်တွေ့ရသဖြင့် ဝမ်းသာပီတိ ဖြစ်မိပါသည်။ အကြိုရက်သတ္တပတ် (၄) ပတ်အတွင်း ခရစ္စမတ်ပွဲတော်အတွက် ဝတ်ပြုဆုတောင်းရင်း ခင်မင်ရင်းနှီးသူများကို လိုက်လံနှုတ်ဆက်ကာ ခရစ္စမတ်၏ငြိမ်းချမ်းခြင်းမင်္ဂလာကို ဝေမျှပေးကြသည်ကိုလည်း အစဉ်အလာကောင်းတစ်ရပ်အဖြစ် သုံးသပ်မိပါသည်။ တစ်ချို့ကဒေသများတွင် စျေးပွဲတော်၊ ဖျော်ဖြေရေးပွဲတော်စသည်ဖြင့် ပျော်ပွဲရွှင်ပွဲသဏ္ဌာန်နှင့်အတူ စီးပွါးရေးဆန်ဆန် စည်ကားသိုက်မြိုက်စွာ ကျင်းပနေကြသည်ကိုလည်း တွေ့မြင်ရပါသည်။

အမှန်စင်စစ် ခရစ္စမတ်ပွဲတော်သည် ခရစ်ယာန် ညီအစ်ကိုမောင်နှမများအထွဋ်အမြတ်ထား ကျင်းပသည့် ပွဲတော်တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ခရစ္စမတ်ပွဲတော်ကို ပျော်ပွဲရွှင်ပွဲ သက်သက်သာ ကျင်းပသည့် ပွဲတော်မဟုတ်ကြောင်း ခရစ်ယာန်တိုင်း သိမှတ်ကြပါသည်။ ကျွန်ုပ်တို့ ဘုရားသခင်၏ လူ့အဖြစ်ကို ယူတော်မူသည့် မွေးနေ့တော်မြတ်တွင် မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားများ ထက်သန်စွာဖြင့် ပျော်ရွှင်စွာ ကျင်းပခြင်းသည်သာလျှင် မွေးနေ့ရှင် ခရစ်တော်သခင်၏ အနန္တမေတ္တာတော်ကို ဖော်ကျူးခြင်း ဖြစ်ပါသည်။

ကမ္ဘာမြေပြင်၌လည်း ဘုရားချစ်ခင်သူတော်စင်များအား ငြိမ်းချမ်းသာယာခြင်း ရှိစေသတည်း (ရှင်လုကာ ၂:၁၄)

ခရစ္စမတ်အခါသမယတွင် သဒ္ဓါတရားဖြင့် ညီအစ်ကို မောင်နှမများနှင့်အတူ ဝတ်ပြုဆုတောင်းမေတ္တာပို့သခြင်း၊ ကိုယ်ချင်းစာတရားထားကာတစ်ပါးသူအားကူညီခြင်း၊ စေတနာ၊ သဒ္ဓါတရားထက်သန်စွာအကူအညီလိုအပ်နေသူများအတွက် ထောက်ပံ့လှူဒါန်းခြင်း စသည့် ကောင်းမှုတို့ဖြင့် ခရစ္စမတ်ပွဲတော်မြတ်၏ အစဉ်အလာ ကောင်းများကို ဆက်လက် ထိန်းသိမ်းကြရပေမည်။

ကြွေလာတော်မူမည့် ခရစ်တော်သခင်၏ ကောင်းချီးမင်္ဂလာတော်ကြောင့် လူတကာအပေါင်း ပူဆွေးသောက ကင်းဝေးနိုင်ကြပါစေ။ ဘေးအန္တရာယ် အပေါင်းတို့မှ လွတ်မြောက်နိုင်ကြပါစေ။ လုပ်ဆောင်သမျှလည်း ပြီးမြောက်အောင်မြင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဖွားမြင်တော်မူသော ထာဝရအရှင် ဘုရားသခင်၏ နာမတော်မြတ်၌

ဘာဆီးလျို အားသိုက်
တောင်ကြီး ကက်သလစ် ဂိုဏ်းချုပ် ဆရာတော်

ခံခက် ဒုးနှင့်မျက်ရည်သုတ်ရသူ၊ မိမိလူမျိုး၏ ရန်သူအလား မုန်းတီးကဲ့ရဲ့ရှုတ်ချခံရသူဖြစ်သွားနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ငြိမ်းချမ်းခြင်းကို ဖော်ဆောင်သော ငြိမ်းချမ်းခြင်း၏ တမန်တော်များဖြစ်ကြရန် သင်နှင့်ကျွန်ုပ်ကို သခင်ယေဇူးက အလိုရှိတော်ရှိ၍ ဖိတ်ခေါ်နေပါသည်။

၆။ ရွေးနှုတ်ကယ်တင်သောအရှင် သခင်ယေဇူးသည် လူ့ဇာတိဖြင့် မွေးဖွားသန့်စင်၍ ရှေ့လင်ပန်းနှင့်မဟုတ် နွားစားခွက်ဖြင့် အချင်းတော်ဆေးရသော ကနဦးအချိန်မှစ၍ ကာလ၀ါရီတောင်ထိပ် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံတော်မူသည့်အချိန်အထိ အပြစ် ခွင့်လွှတ်ခြင်း တရားနှင့် ချစ်ခြင်းမေတ္တာတရားအားဖြင့် ငြိမ်းချမ်းခြင်းကို ကျွန်ုပ်တို့အတွက် ဦးလည်မသုန် ဖော်ဆောင်တော်မူခြင်းအားဖြင့် သတင်းဆိုးမှသတင်းကောင်း၊ ကျိန်ဆဲခြင်းမှ ကောင်းချီးမင်္ဂလာ၊ ရန်လိုမုန်းတီးခြင်းမှ ချစ်ခင်ကြင်နာခြင်း၊ အာဃာတတရားမှ ငြိမ်းချမ်းခြင်းတရားသို့ ကျွန်ုပ်တို့ကို ခြေဦးလှည့်စေတော်မူသည်။ သို့ပါ၍ ဤခရစ္စမတ်ကာလ အခါသမယ၌ ကယ်တင်ရှင် သခင် ယေဇူး ယူဆောင်လာတော်မူသော ငြိမ်းချမ်းခြင်းကို အမိမြန်မာနိုင်ငံတော်နှင့် တစ်ကမ္ဘာလုံးရှိ လူသားတိုင်း ရယူပိုင်ဆိုင်နိုင်ကြပြီး၊ မိမိတို့ မှီတင်းနေထိုင်ရာ ပတ်ဝန်းကျင်မြေကမ္ဘာ၊ နိုင်ငံတော်၊ ဒေသမြို့ရွာ၊ မိသားစုနှင့် တကွ အမိသာသနာတော်အတွင်း၌ ငြိမ်းချမ်းခြင်းများ ဝေဆာစွာ ပွင့်လန်းစေသူများ ဖြစ်နိုင်ကြပါစေ။ သခင် ယေဇူးက မိမိတပည့်တော်ကြီးများအား "ငြိမ်းချမ်းသာယာခြင်းကို သင်တို့၌ ငါထားခဲ့၏။ ငါ၏ ငြိမ်းချမ်းခြင်း ကို သင်တို့အား ငါပေး၏။ ဤလောကပေးသကဲ့သို့ သင်တို့အား ငါပေးသည် မဟုတ်" (ရှင်ယောဟန် ၁၄:၂۷)ဟု မြွက်ကြားမိန့်မှာတော်မူခဲ့သည်ကို ကိုယ်စီရင်ဝယ်ပိုက်လျက်၊ လောကပေးသည့် ငြိမ်းချမ်းခြင်းနှင့် မတူသော၊ ယေဇူးဘုရားအမွေပေးသည့် စစ်မှန်သောငြိမ်းချမ်းခြင်းကို အခြားသူတို့အား ပြန်လည်ဝေမျှပေးနိုင်ရန်နှင့် ထိုငြိမ်းချမ်းခြင်းအားဖြင့် အခြားသူတို့နှင့် ပြန်လည်သင့်မြတ်ကျေအေးနိုင်ရန်အတွက် ဘုရားသား သမီးများပီပီ ငြိမ်းချမ်းခြင်းကို လက်တွေ့ဖော်ဆောင်သူများဖြစ်နိုင်ကြရန် ကျင့်ကြံကြိုးပမ်း အားထုတ်ကြပါစို့ ဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါသည်။

သူငယ်တော်ယေဇူး၏ ခရစ္စမတ်ကောင်းကြီးမင်္ဂလာအဖြာဖြာသည် အဆွေတို့အားလုံးအပေါ်သို့ သက်ရောက်ပါစေ။ သင်နှင့်ကျွန်ုပ်အားဖြင့် ငြိမ်းချမ်းခြင်းသည် ဤကမ္ဘာမြေ၌ ဇကာန်အမှန် သက်ရောက်နိုင်ပါစေ။

သာသနာပိုင် ဆရာတော် ဖဲလစ် လျန်ခင်းထန်
ကလေး ကက်သလစ် ဂိုဏ်းအုပ်သာသနာ - ကလေးမြို့
၂၀၁၉ ခုနှစ်ဒီဇင်ဘာလ ၅ ရက်

မင်္ဂလာ နှစ်သစ် ဖြစ်ပါစေ

ကျွန်ုပ်တို့ နှစ်သစ်ဆိုတဲ့ စာအုပ်ကို ဖွင့်ကြမယ်
စာမျက်နှာတွေက အလွတ်တွေပါပဲ
ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ကိုယ်တိုင်
အဲ့ဒီစာရွက်ပေါ် စာတွေရေးကြမယ်
စာအုပ်ကို အခွင့်အရေးလို့ မှည့်ခေါ်ပါတယ်
စာအုပ်ရဲ့ အခန်း တစ် ကတော့
နှစ်သစ်နေ့ ဖြစ်ပါတယ်



ခရေမတ်နှတ်ဆက်ဆုတောင်း

"အမြင့်ဆုံးသောအရပ်၌ ဘုရားသခင်အား ဘုန်းတော်ဂုဏ်တော်ရှိစေသတည်း။ မြေကြီးပေါ်၌ လည်းဘုရားသခင်နှစ်သက်မြတ်နိုးသူတို့အား ငြိမ်းချမ်းသာယာခြင်း ရှိစေသတည်း။ (လုကာ ၂:၁၄)

ဖော်ပြပါသိုကြားတမန်၏ မေတ္တာပို့ဆုတောင်းသည့်အတိုင်း ထပ်ဆင့်၍ ဆုတောင်း မေတ္တာပို့လိုသည်မှာ မြန်မြည်ကိုဦးဆောင်သော နိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူ ပြည်သားအားလုံး ဘုရားသခင်၏ကောင်းကြီးမင်္ဂလာ ခံစားရပြီး ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ကြပါစေ။

နိုင်ငံသားတစ်ဦးစီလည်း ဘုရားသခင်၏ချစ်ခြင်းကို ခံစားရပြီး ထပ်ဆင့်ပြီးဂုဏ်းချစ်ခြင်း ကို ဆက်လက်ပြသရှင်သန်နိုင်ကြပါမည့်အကြောင်း ဆန္ဒပြု ဆုတောင်းပေးပါတယ်

ချစ်ခြင်းမှားစွာဖြင့်

+John Hsu Hkai

ဂွန်မန်းဆိန်းဟို
ကက်သလစ်ဆရာတော်
ပုသိမ်သာသနာ

His Excellency
Bishop Raymond Po Ray

ခရစ္စမတ် နှတ်ခွန်းဆက်လွှာ

10 December 2019

သခင်ခရစ်တော်ဖွားမြင်ခြင်းသည် ကမ္ဘာလူသားများကို အလင်းပေးရန် ဖြစ်သည်။ ဤအလင်းတော်အားဖြင့် လုပ်ကိုင် ပြောဆို ပြုမူသမျှ အားလုံးသည် ခရစ်တော်၏ အလင်းတော်ကို ဖော်ပြရန်ဖြစ်သည်။ ဘုရားသခင်သည် မိမိသားတော်ကို ကမ္ဘာလူသားတွေအတွက် အကြွင်းမဲ့ ပေးဆက်ခဲ့သည်နည်းတူ ကျွန်ုပ်တို့လူသားတွေသည်လည်း ခရစ်တော်၏ ဆက်ဝပ်ပေးဆက်ခြင်းကဲ့သို့ မိမိကိုယ်ကို အကြွင်းမဲ့ မိမိပတ်ဝန်းကျင်နှင့် လူသားများအပေါ် တစ်ကိုယ်ကောင်းမဆန် ကိုယ်ကျိုးမကြည့်ဘဲ ပေးဆက်ရမည်ဖြစ်သည်။

လူသားများနှင့် ဓနဆင်းခံ အရာသတ္တဝါအားလုံးတို့သည် ဓနဆင်းရှင်ရဲ့ အလိုတော်နှင့် လက်ရာတော်အတိုင်း အစဉ် လှပ၊ ကောင်းမြတ် သဟာဇာတ ရှိ၍ အစဉ်သစ်ဆန်းနိုင်ကြမှုရှိဖြစ်ပါသည်။

ခရစ်တော်မွေးဖွားလာခြင်းအားဖြင့် ကျွန်ုပ်တို့ မိမိကိုယ်ကို မြန်လည် ထောက်ရှုစဉ်းစားကာ မိမိအသက်ရှင်နေသော ဘဝအသက်တာကို ခရစ်တော်၏ ဘဝအသက်တာနဲ့ပေါင်းစပ်ကာ အသက်ရှင်နေထိုင်သွားနိုင်ရန် သခင်ခရစ်တော် မိန့်မှာတော်မူသည့်အတိုင်း ငါသည် လမ်း၊ သမ္မာတရား၊ အသက် ဖြစ်သည်ဆိုသော လမ်းစဉ်အတိုင်း ဘုရားနှင့်လူသား၊ လူသားနှင့် လူသား၊ လူသားနှင့် ပတ်ဝန်းကျင်ကို သမ္မာတရား၏အလင်းတော်ကို ဖော်ပြ၍ မေတ္တာတရားများကို ဖော်ဆောင်ပေးနိုင်ကြရန်၊ အသက်ရှင်နေထိုင်သွားကြပါစို့။

May the New Year, 2020, bring you
Peace, Love, and Joy.
Merry Christmas and Happy New Year!

Raymond Saw Po Ray
Bishop of Mawlamyine Diocese

လွိုင်ကော်ကက်သလစ်သာသနာ
LOIKAW DIOCESE
ကက်သလစ်အာသနာခေတ္တာပင်တိုက်၊ နောင်ယား (၆)၊ ကျိုင်းတော်မြို့ ဆရာတော်ကယားပြည်နယ်။
Diocesan Center, Catholic Church, Naung Yah B, Loikaw 09011, Kayah State, Myanmar.
Office: +95-083-21817, Cell: +95 95 600 983, Fax: +95-083-21285 email: stjephe@gmail.com

လွိုင်ကော်ကက်သလစ်သာသနာပိုင်၊ ဂိုဏ်းအုပ်ဆရာတော်ကြီး ဝေါ်းဖင်းတေးဖေမှ ပေးဝို့သော

ခရစ်စမတ်သဝဏ်လွှာ

ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို ဤလောကသို့ လေ့လာတော်ရာမှဖိတ်ခြင်းအားဖြင့်
ဘုရားသခင်၏မွန်မြတ်သောမေတ္တာသည် ငါတို့အလယ်တွင် ပေါ်လွင်တင်ရှားခဲ့၏။ (၁ယော ၄:၉)

ချစ်ခင်လေးစားရပါသော ကက်သလစ်ဘာသာဝင်သူတော်စင်များနှင့် မေမှတ်ထွေအပေါင်းတို့ -

"ငြိမ်းချမ်းလျှော့ရှင်သော ခရစ်စမတ်ဖြစ်ပါစေ"

ဘုရားရှင်၏မွေးနေ့တော်မြတ်ကို ကျင်းပရာ ဤခရစ်စမတ်အချိန်အခါသမယတွင် သင်တို့အားလုံးအပေါ် ဘုရားသခင်၏ ကြွယ်ဝသော ကောင်းကြီးတော်များ၊ အင်္ဂေါသက်ရောက်စေပြီး ကိုယ်စီတန်ခိုးဖြင့် ကျွန်းမာ ချမ်းသာ၍ လိုအင်ဆန္ဒများ ပြည့်ဝကြွယ်ဝစေကြောင်း ဆန္ဒပြု ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။

လူလူချင်းကြား သဟာဘာတဖြစ်စေခြင်းငှါ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သည် ခရစ်စမတ်နေ့တွင် လူသားတို့၏ အလယ်၌ ထင်ရှားခဲ့လေပြီ (၁ယော ၄:၉)။ ကယ်တင်ခြင်းရောင်ခြည်တော်သည် ကျွန်ုပ်တို့၌ ထွန်းလင်းလေပြီ (ယော ၁:၁-၅)။ ကောင်းကင်တမန်များနှင့် ကောင်းကင်ဗိုလ်ခြေအပေါင်းတို့သည် "အမြင့်ဆုံးသောအရပ်၌ ဘုရားသခင်အား ဘုန်းတော်ဂုဏ်တော်ရှိစေသောတည်း" ဟု၍ သံပြိုင်ကျူးဆလေပြီ (လု ၂:၁၄)။ သိုးထိန်းများတို့သည်လည်း ကယ်တင်ခြင်းသတင်းကောင်းကို ကြေငြာမောင်းခတ်လေပြီ (လု ၂:၂၀)။

ရေစွမ်းနှင့် ခရစ်တော်ဘုရားရှင် ယူဆောင်လာခဲ့သော ကယ်တင်ခြင်းကျေးဇူးတော်သည် လူသားတိုင်းအတွက် အရိုးအခဲမဲ့ရှိသော တန်ခိုးမြေတော်နိုင်သည့် ဘုရားသခင်၏ လက်ဆောင်မွန်ဖြစ်သည်။ သို့သော် ထိုကယ်တင်ခြင်း၊ လက်ဆောင်မွန်ကို ထိုက်တန်စွာ ရယူနိုင်ရန်အတွက် လူသားအချင်းချင်း မေတ္တာတရား ပွားများခြင်း၊ လွှဲဂုဏ်သိက္ခာနှင့် လူတန်ဖိုးကို လေးစားတန်ဖိုးထားခြင်း၊ သည့် မေတ္တာတရားလမ်းစဉ်ကို လိုက်နာကြရမည့်အကြောင်း ခရစ်တော်ဘုရားရှင်က စိန်မှာခဲ့သည်။ "သင်တို့ကို ငါချစ်သကဲ့သို့ သင်တို့သည်လည်း အချင်းချင်း ချစ်ကြလော့" (ယော ၁၄:၁၄) ဟု၍ ဖြစ်သည်။

ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး ညီအစ်ကိုကဲ့သို့ ချစ်နိုင်ရန်အတွက် (ရော ၁၂:၁၀) ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်၌ အင်္ဂေါတည်ရှိနေရမည်ဟု ခရစ်တော်ဘုရားရှင်က တိုက်တွန်းနှိုးဆော်ထားသည် (ယော ၁၅:၁၂)။ အသားအရောင်ပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ယုံကြည်ရာပေါင်းစုံတို့ဖြင့် ဖြစ်တည်လျက်ရှိသော လူသားမျိုးနွယ်စု၌ ပါဝင်နေကြသည့် ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ မေတ္တာတော်၌ ညီအစ်ကိုမောင်နမများ ဖြစ်ကြသည်ကို ခရစ်စမတ်နေ့က သက်သေခံနေပါသည်။ အကြောင်းမှာ လူသားတိုင်းသည် ဘုရားသခင်၏ သားသမီးများ ဖြစ်ကြခြင်းကြောင့် ဖြစ်သည်။ လူသားတို့၏ ကွဲပြားခြားနားမှုများသည် လူသားဆုံးကို အန္တရာယ်ပြုခဲသော အရာမဟုတ်ပေ။ ကြွယ်ဝချမ်းသာမှု၏ ဓမ္မပြစ်သာ ဖြစ်သည်။ လောကဓံအလှတရားလည်း ဖြစ်သည်။ ဤလောကသည် အရောင်အသွေးစုံလင်သည့် ရောင်စုံကျောက်မန်သားများဖြင့် လှပစွာ စီချယ်ထားသော မိုဇေးဗ် (Mosaic) ပန်းချီကားတစ်ချပ်နှင့် အလားသဏ္ဌာန်တူပါသည်။

မိသားစု၏ အလှတရားကို ကြည့်ကြပါဦး။ မိသားစုတစ်စုတည်း၌ ရှင်သန်နေကြသော ညီအစ်ကို မောင်နှမ အင်္ဂေါခြားများသည်ပင် တစ်ဦးနှင့်တစ်ဦး မတူညီကြပေ။ ကွဲပြားခြားနားကြသည်။ ညီအစ်ကိုချင်းကြား စိတ်တူကိုယ်တူ အခြေအနေမျိုး၊ အမြဲတစေ မရှိနိုင်ကြသည်မှာ မမှတ်ပင်။ ထိုသို့ကွဲပြားခြားနားကြသော်လည်း ဖျက်စီးခဲ့မရနိုင်သော ညီအစ်ကိုများတို့၏သွေးစည်းမှုကို ပေါင်းစည်းပေးထားသော အရာတစ်ခုရှိသည်။ ၎င်းမှာ အမွေ်ခံအစဉ်ဆက်ဖြစ်ခြင်းမေတ္တာပင် ဖြစ်သည်။ ညီအစ်ကိုအချင်းချင်း တစ်ဦးကိုတစ်ဦး ချစ်နိုင်ရန်၊ လေးစားတန်ဖိုးထားနိုင်ရန် မိဘမေတ္တာက ကူညီပံ့ပိုးပေးလျက်ရှိသည်။ အရောင်အသွေးစုံလင်သည့် ဖန်ကျောက်သားများသည် ပန်းချီဆရာ၏ဖန်တီးမှုဖြင့် လက်ရာမြောက် မိုဇေးဗ်ပန်းချီကားတစ်ချပ် ဖြစ်လာသကဲ့သို့ သားသမီးများ၏ မတူညီကွဲပြားမှုများသည် မိဘမေတ္တာအားဖြင့် မိသားစုအလှပန်းချီကားတစ်ခုအဖြစ် ဖြစ်တည်လျက်ရှိပါသည်။

လူသားဆုဟူသည့် မိသားစုကြီး၌လည်း အလားတူပင်ဖြစ်သည်။ ဘုရားသခင်၏ ကြီးမြတ်သော ချစ်ခြင်းမေတ္တာတော်က ကွဲပြားခြားနားသော ကျွန်ုပ်တို့ကို ပေါင်းစည်းပေးသည်။ အချင်းချင်း ညီရင်းမောင်နမသဖွယ် ကူလူဆောက်ဆံစေသည်။ မတူညီကွဲပြားသော အယူအဆများကြား၌ သဟာယမိတ်မေတ်ကို ဖြစ်ပေါ်စေသည်။ လူသားချင်း စာနာထောက်ထားကာ ဖေဖေကူညီသောလက်များကို လမ်းလှမ်းစေသည်။ ရင်ခြားမြေခြား လူမျိုးခြားများကြား သဟာဘာတဖြစ်တည်ရေးကို ရှေ့ရှုစေသည်။ ရန်သူများကို မိတ်ဆွေဖြစ်စေသည်။ ဤသည်မှာ လောကၽိ၏ မိုဇေးဗ်ပန်းချီကားတစ်ချပ်ပင် ဖြစ်သည်။ ဤကဲ့သို့ လောကကို အလှဆင်နိုင်ရန် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မေတ္တာတော်၌ အင်္ဂေါရှိနေကြရမည်ဟုသည့် ခရစ်တော်ဘုရားရှင်၏ မိန့်မှာချက်ကို အင်္ဂေါနှလုံးသွင်းကြရမည်။

ချစ်လှစွာသော ဘုရား၏သားသမီးအပေါင်းတို့ -

ခရစ်စမတ်၏ ကောင်းကြီးမင်္ဂလာတော်သည် သင်တို့အပေါ် အင်္ဂေါသက်ရောက်ပါစေ။ ဤယခုနှစ်၌ ကမ္ဘာဆိုးထိတိုင် ဘုရားသခင်၏ ကြီးမြတ်သော မေတ္တာတော်၌ သင်တို့သည် အင်္ဂေါရှိနေကြလျက် အချင်းချင်း ခွင့်လွှတ်ခြင်းနှင့် သင့်မြတ်မှုကို ရယူနိုင်ကြပါစေ။ ဆယ်စုနှစ်ပေါင်းများစွာ တိုင်းပြုံဖြစ်သော ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ကြပါစေ။ စစ်မှန်သော ငြိမ်းချမ်းရေးကို နေရာတိုင်း၌ တည်ဆောက်နိုင်ကြပါစေ။ လူသားတိုင်းကို ညီရင်းမောင်နမသဖွယ် ချစ်ခင်နိုင်ကြပါစေ။ တရားမျှတမှုကို အင်္ဂေါရှာဖွေတွေ့ရှိနိုင်ကြပါစေ။ လွဲဂုဏ်သိက္ခာနှင့် လူတန်ဖိုးကို လေးစားတန်ဖိုးထားသော လူအသိုက်အဝန်းကို ဖန်တီးနိုင်ကြပါစေ။ ငြိမ်းချမ်းသာယာ၍ ရည်ပင်ဝပြောသော ပြည်နယ်တစ်ခု၊ တိုင်းနိုင်ငံတစ်ခုကို တည်ဆောက်နိုင်ကြပါစေ။

ခရစ်တော်၏ နှာမတော်မြတ်၌

+S. Lapphe

* ဂိုဏ်းအုပ်ဆရာတော်ကြီး ဝေါ်းဖင်း တေးဖေ
လွိုင်ကော်ကက်သလစ်သာသနာပိုင်

ရက်စွဲ - (၆ - ၁၂ - ၂၀၁၉)

Loikaw Diocesan House, No. 28, Pyay Road, 7 Mile, Mayangone P.O., Yangon 11061, Myanmar
☎ 95-1-660723

(၂၁၁) ကြိုပ်ကြီးတော်

ဆုတောင်းပြည့်လုဒ်ဗယ်တော်သခင်မပွဲတော်ကြီး

ညောင်လေးမင်းပြီး

နိုဝင်ဘာ (၉) ရက်ထုတောင်ခြင်းကို (၇-၂-၂၀၂၀) မှ
တောင်ကျင်းပည့်ခြင်းပါ၌ အမိယပ်တော်ကို ယုံကြည်အားကိုးကြသော မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ
မယ်တော်၏ သားသမီးအပေါင်းတို့အား ကြွရောက်ရှိရမည် ကြည်ညိုဖွယ်ကြီးမားလှ လိုက်ပြိုက်လုံလဲ့ စီစဉ်ကြောင်းပါသည်။

၇-၂-၂၀၂၀ သောကြာနေ့ မှ (၁၆-၂-၂၀၂၀) တနင်္ဂနွေနေ့အထိ

တပ်ပြုကိုးကွယ်ခြင်းအစီအစဉ်

ဧပြီလ ၇ ရက် (သောကြာနေ့)

ညနေ (၄ ၊ ၀၀) နာရီ — မယ်တော်အလယ်ပေါက်ခြင်း၊ ယူကာရာဇတော်ခြင်းနှင့် နိဗိန်းဆုတောင်းပေးခြင်း။ ဒီဇင်ဘာ-ဇန်နဝါရီ-ဖေဖော်ဝါရီ-မတ်ခြင်း၊ ဘုရားကျောင်း၊ ဘုရားကျောင်းဝန်းအတွင်း၊ စိတ်နေသဘောထားပြည့်ဝပြည်ပြည်ခြင်း (မယ်တော်ဦးခန့်)
ဦးဝေတင်ဝေဆုဝေတင် ညွှန်ကြားရေးဝန်ထမ်း

ဧပြီလ (၈) ရက်၊ (၁၃)ရက်နေ့ အာဗေ

နံနက်	(၆ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (ဘုရားကျောင်းအတွင်း)
နံနက်	(၁၀ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (မယ်တော်ဂူရေ)
ညနေ	(၄ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း၊ နိဗိန်းဆုတောင်းပေးခြင်း၊ ဒီဇင်ဘာ-ဇန်နဝါရီ-ဖေဖော်ဝါရီ-မတ်ခြင်း၊ ဘုရားကျောင်း၊ ဘုရားကျောင်းဝန်းအတွင်း၊ စိတ်နေသဘောထားပြည့်ဝပြည်ပြည်ခြင်း (မယ်တော်ဦးခန့်)

ဧပြီလ (၁၄) ရက် (ခေါက်ကြားနေ့)

နံနက်	(၆ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (မယ်တော်ဂူရေ)
နံနက်	(၁၀ ၊ ၀၀)	နာရီ	ရှားပယ်များနှင့် ယူကာရာဇတော်ခြင်း (မယ်တော်ဂူရေ)
မွန်းတည့်	(၁၂ ၊ ၀၀)	နာရီ	နေ့ခင်းစာ၊ ဝတ်ကိစ္စ၊ ဒီဇင်ဘာ
ရေနေညီ	(၂ ၊ ၀၀)	နာရီ	ရှင်ယောဟန်ကားတိုင်ကုန်ကည်ခြင်း (ကျင်းပြင်)
ညနေ	(၄ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (မယ်တော်ဂူရေ)
ညနေ	(၅ ၊ ၃၀)	နာရီ	ပြည်ကျွန်းကိုမိတော်ခြင်းနှင့် ဝေးသောစိုးရိုးကျင့်ကြံခြင်း၊ ကိုယ်တော်ခြင်းတော်ကောင်းဆိုမယ်ဆရာပေးခြင်း (ကျင်းပြင်)
ည	(၉ ၊ ၀၀)	နာရီ	ရိုးရှင်းကိုးကွယ်ခြင်းနှင့် ကိုယ်တော်ခြင်းတော်ရှုခြင်း (မယ်တော်ဂူရေ)
ည	(၁၀ ၊ ၃၀)	နာရီ	ကိုယ်တော်ခြင်း ဝေးကောင်းဆိုမယ်ဆရာပေးခြင်း (မယ်တော်ဂူရေ)

ဧပြီလ (၁၅) ရက် (ဝေနေ့)

နံနက်	(၅ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (ကရင်ဘာသာ) (မယ်တော်ဂူရေ)
နံနက်	(၆ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (ကယန်းဘာသာ) (မယ်တော်ဂူရေ)
နံနက်	(၇ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (ကချင်ဘာသာ) (မယ်တော်ဂူရေ)
နံနက်	(၈ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (ဖွမ်းဘာသာ) (မယ်တော်ဂူရေ)
နံနက်	(၉ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (ဟခါးဘာသာ) (မယ်တော်ဂူရေ)
နံနက်	(၁၀ ၊ ၀၀)	နာရီ	ကျွန်းပေါ်ပြင်း ယူကာရာဇတော်ခြင်း (မယ်တော်ဂူရေ)
ရေနေညီ	(၂ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (တအီတာသာ) (မယ်တော်ဂူရေ)
ညနေ	(၄ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (မယ်တော်ဂူရေ)
ညနေ	(၅ ၊ ၃၀)	နာရီ	ပြည်ကျွန်းမယ်တော် ဝေးသောစိုးရိုးကျင့်ကြံခြင်းနှင့် ကိုယ်တော်ခြင်း တောင်းဆိုမယ်ဆရာပေးခြင်း (ကျင်းပြင်)
ည	(၁၀ ၊ ၃၀)	နာရီ	(ဗီယက်နမ်) ကြိုးမပြတ်ရေးမယ်တော် သမင်ကျွတ်ကြီး ဘုရားတော်ကျောင်းဘုရားတော်ခြင်းနှင့် အမယ်တော်ရှိခိုခြင်း (ကျင်းပြင်)

ဝေးကွာခဲ့ပြီး ဘုန်းတော်ကြီးနှင့် ပွဲတော်ကျင်းပရေးတော်မတီ
ညောင်လေးမင်းပြီး ခုနှစ် - ၁၅ ရက်စွဲ၁၁၅

ဧပြီလ (၁၆) ရက် (တနင်္လာနေ့)

နံနက်	(၆ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (ကရင်ဘာသာ) (မယ်တော်ဂူရေ)
နံနက်	(၈ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (ချင်းဘာသာ) (မယ်တော်ဂူရေ)
နံနက်	(၁၀ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (ကချင်ဘာသာ) (မယ်တော်ဂူရေ)
နံနက်	(၀ ၊ ၀၀)	နာရီ	ယူကာရာဇတော်ခြင်း (ပြန်မာဘာသာ) (မယ်တော်ဂူရေ)

(၁၁၀) ကြာပင်ပြာတံ ဘေးင်းလေးပင် သုတောင်းပြည်လုံခံပယ်တော်သခင်မပွဲတော်ကြီး

(၇-၂-၂၀၂၀) နေ့
မှ
(၁၆-၂-၂၀၂၀) ရက်နေ့အထိ

(၉) ရက်အကြိုဆုတောင်းပြုခြင်း
နိဂုံးချုပ်ကို (၇-၂-၂၀၂၀)သောကြာနေ့
ရုတင်ကျင်းပမည်။

ပွဲတော်ကြီး၊ ကြာပုတ်ကမ်းပါးမှာ ကျင်းပကြပါမည်။ ကမ်းခြေကားပေါ်သို့

တောက်ပြူးယမ်တော် (ဝိဇုနိုမ) ဂွေခပ်ရွာလေးပွဲတော်ကြီး ကျင်းပရာနေရာသို့ လမ်းညွှန်ပြခြင်း

နေရာ/ တောက်ပြူးမယ်တော် (ရန်ကုန်ဂိုဏ်းချော်သာသနာ)
နတ္တလင်းမြို့နယ်၊ ဝိဇုဗေါဒိုင်းခေသင်္ကြီး
နေ့ရက်/ ၀၈-၀၉ ဇန်နဝါရီလ ၂၀၂၀

သမက်တားအညွှန်း-
- ကားလမ်းမကြီး (၁နာရီခွဲခန့်)
- ရေလမ်းကြောင်း (၁နာရီခန့်)
- မြေလျှင်လမ်းကြောင်း (၂ နာရီခန့်)

အပြစ်မဲ့ သနားယုတော်မူသော မယ်တော်သခင်မ (ဝေါ်တူဂီ) ဘုရားကျောင်းပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံတွင် မေမေအဟူဆုံးတော်သလစ်ခရစ်ယာန်ဘုရားရှိခိုးကျောင်းမြစ်သည့် အပြစ်မဲ့သနားယုတော် မယ်တော်သခင်မဘုရားကျောင်း (ဝေါ်တူဂီကျောင်းဟု ခေါ်တွင်သောနေရာ)တွင် ရန်ကုန်ဂိုဏ်းချော်ဆရာတော်ကြီး၊ ကာဒိနယ်များလမ်းတို့ နှင့်အတူ လက်ထောက်ဆရာတော်ကြီး ဖွန်ဇောယောဟန် ၊ မြည်နယ်နှင့်တိုင်းအယိုးယိုးမှ ဆရာတော်ကြီးများ၊ ရဟန်းတော်များဦးဆောင်၍ ပွဲတော်မပျောက်ကွယ်ရေးတော်မြတ်ကို ကျင်းပပူဇော်မည်မြစ်ပါသည်။

သို့မြစ်၍ နှစ်ပေါင်း (၂၅၉)နှစ်ကြာမြင့်နောက် ဒုတိယအကြိမ် ကျင်းပမည့် ပွဲတော်သို့ ကြွရောက် ကြွပါရန် လေးစားစွာမြင့် ဖိတ်ကြားအပ်ပါသည်။

Bp. P. Nerini (1711-1743-1756)
ဘုရားကျောင်းတည်ထောင်သူဘုန်းတော်ကြီး

ပွဲတော်မတ်တားအစီအစဉ်

နေ့ရက် - ၁၁-၁-၂၀၂၀ (စနေနေ့)
အချိန် - နံနက် (၈း၀၀) နာရီ
နေရာ - ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ BOC ရေနံဝင်း
(သန်လျင်တံတားအောင်၊ Gas ဆိုင်ကားတပ်လျက်လမ်း)

အလှူငွေများအား ပွဲတော်ရက်တွင် အလှူခံကျောပ် ဖွင့်လှစ်ထားမည် မြစ်ပါကြောင်းနှင့် ဆက်သွယ်လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
ဦးလားဇော်(၀)လာရေ ၀၉-၅၀၂၀၄၇၇၃ ဦးခင်ဟော်ဖိုး ၀၉-၅၀၅၆၇၀၅၅ ဦးသောတော်(စ်) UPG ၀၉-၅၀၁၃၂၂၅ ဦးစောဇိုးသိမ်းထွေ့ ၀၉-၇၈၅၂၀၀၀၈၅ ၀၁-၂၀၀၀၈၅ ၀၁-၃၈၇၂၃၃။

ဘုရားကျောင်းများအတွက် အလှူးအပြန်ကားများ စီစဉ်ထားပါသည်။ ကားကိုဆက်သွယ်ရန် Roland David ၀၉-၇၃၃၇၅၅၅၆ Emmanuel David ၀၉-၄၄၃၆၄၂၂၃

(ကြွရောက်လာသော ဘုရားဖူးများအားလုံးအတွက် နေ့လည်စာမြင့် ကျွေးမွေးပါမည်)

ပွဲတော်ကျင်းပရေးတော်မတီ

ဗွန်ဆီညော် လုကာ့စ် ဂျင်ဖေါက် ဒေါင်ဇေ

၏

ဆရာတော် သိက္ခာတင်ပွဲ

နှင့်

ဥပဇ္ဈာယ် သုံးပါး တို့၏ ရဟန်း သိက္ခာတင်ပွဲ

ဘုရားရှင်၏ကျေးဇူးတော်ကြောင့်၊ လားရှီးဝိုဏ်းအုပ်သာသနာ၏
တွဲဖက်ဆရာတော်အဖြစ် ရွေးချယ်ခံခြင်းခံရသော
ဗွန်ဆီညော် လုကာ့စ်ဂျင်ဖေါက်ဒေါင်ဇေ
တား
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဓာတိသန်ထံအမှတ်
ဝိုဏ်းချော်ဆရာတော်ကြီး ပေါလ်ရှန်အင်-နန် နှင့်
မန္တလေးဝိုဏ်းချော်ဆရာတော် မာကုတင်ဝင်း
တို့၏ ချမ်းမြှောက်တွင်
ရန်ကုန်သာသနာဝိုင်း ဝိုဏ်းချော်ဆရာတော်ကြီး ကာဒီနယ်ချားစ်ဘို
၏လက်တော်မှ
ဆရာတော်သိက္ခာခံယူခြင်းနှင့် ဦးပဇ္ဈင်းကြီး ဒီတာဝဂါဝင်ဆာဝတ်ခါ။
ဦးပဇ္ဈင်းကြီးပျိုးဖက်ဟူးလွမ်နှင့် ဦးပဇ္ဈင်းကြီး မိုယ်ယယ်ဇောဖေဖိုးလွမ်း တို့၏
ထာဝရုတန်းထိတွားခံထူခြင်းပွဲတော်ထို့ လာရောက်ဝါဝင်ချီးမွမ်း ဆုတောင်းဝေးဝါရန်
စင်စင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပွဲတော်အစီအစဉ်

၂၈. ၁. ၂၀၂၀ (အင်္ဂါနေ့)

ညနေ (၄ း ၀၀)နာရီ – ရဟန်းခင်းကြီးကိုယ်စား ဂေါ်ယမ်း ရဟန်းအမတ်ကြီးနှင့် ဆရာတော်များ ဘာသာကြီးချီခြင်း
ညနေ (၇ း ၀၀)နာရီ – မေတ္တာ ရည်ရွယ်ရေး (ဟိတ်ကျိုး)

၂၉. ၁. ၂၀၂၀ (ဗုဒ္ဓဟူးနေ့)

နံနက်(၉ း ၀၀)နာရီ – ဆရာတော်သိက္ခာတင်မဏ္ဍာပတရား
နံနက်(၁၀ း ၀၀)နာရီ – ဆရာတော်သစ်အားထုတ်ရန်ပြုခြင်း
ညနေ(၄ း ၀၀)နာရီ – စိမ်ဃရီးစိမ်ပြခြင်းနှင့် ကိုယ်တော်မြတ်ကောင်းချီးမင်္ဂလာ
ညနေ(၇ း ၀၀)နာရီ – မေတ္တာ ရည်ရွယ်ရေး (ဗိုင်ရင်းသားအသေးစား)

၃၀. ၁. ၂၀၂၀ (ကြာသပတေးနေ့)

နံနက်(၉ း ၀၀)နာရီ – ရဟန်းသိက္ခာတင်မဏ္ဍာပတရား
နံနက်(၁၀ း ၀၀)နာရီ – ရဟန်းသစ်များ အားထုတ်ပြုခြင်း
ညနေ(၄ း ၀၀)နာရီ – စိမ်ဃရီးစိမ်ပြခြင်းနှင့် ကိုယ်တော်မြတ်ကောင်းချီးမင်္ဂလာ
ညနေ(၇ း ၀၀)နာရီ – မေတ္တာ ရည်ရွယ်ရေး (ဗိုလ်ချုပ်)

၃၁. ၁. ၂၀၂၀ (သောကြာနေ့)

နံနက်(၇ း ၀၀)နာရီ – ကျေးဇူးတင်မဏ္ဍာပတရား
နေရာ – ယေဇုယျနယ်ပိုလော်ကာ ဒီဗြင်းဘုရားရှိခိုးကျောင်း၊ စံကောင်းလမ်း
ရုပ်ကွက်(၂) သားရှိမြို့